# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၃)၊ အမှတ်(၀၄၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ




ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်း၌ ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက ထောက်ခံအားပေးသောအားဖြင့် ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အချို့တွင် အောက်တိုဘာ ၂၇ ရက်မှစ၍အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ လူငယ်ဘောလုံးကွင်း၌ ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်မှ


*စာမျက်နှာ ၅ ကော်လံ ၁* ❖


## ယနေ့ မာတိကာ

### ဂါဇာ၌ မည်သူတစ်ဦးတစ်ယောက်မျှ လုံခြုံမှုမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ပြောကြား


နိုင်ငံတကာသတင်း စာ ၁၃




### တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ငပုတောမြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်


ပြည်တွင်းသတင်း စာ ၁၄

# နယ်လှည့်ကျန်းမာရေးစောင့်ရှောက်ပေးမှု ပြည်သူများက နှစ်ထောင်းအားရကြိုဆို

သံလွင်၊ ရွှေပုဇွန်နှင့် စကုဆိုသည့် အမည်တို့က ကောင်းသတင်းများဖြင့် ပျံ့သင်းမွှေးကြိုင်၍ နေသည်။ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း ပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အောက်တိုဘာ ၁ ရက်က ရန်ကုန်မှ ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။

အလားတူ ယင်းနေ့တွင်ပင် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည်လည်း တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ လိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှ ထွက်ခွာသွားခဲ့ကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့များသည် ခရီးစဉ်တစ်လျှောက် ဆိုက်ရောက်ရာ မြို့ရွာများတွင် ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်း ရောဂါ၊ သွားရောဂါတို့ကို ကုသပေးသည့်အပြင် အီးစီဂျီ၊ ဓာတ်မှန်၊ အာထရာဆောင်းရိုက်စက်များဖြင့် ရောဂါရှာဖွေပေးခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ ဆေးကုရုံမှူးမှူးမက အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်း၊ လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းတို့ကိုလည်း ပြုလုပ်ပေးနေကြကြောင်း တွေ့ရှိရသည်။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေးဆိုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ အကြောင်းအမျိုးမျိုးကြောင့် ကျန်းမာရေးစောင့်ရှောက်မှုတို့နှင့် အလှမ်းဝေးနေကြရသော ပြည်သူများရှိရာသို့ ရေကြောင်း၊ ကုန်းကြောင်းတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များက သွားရောက်လျက်ရှိကြရာ ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ၊ သောင်းသောင်းဖြဖြ နှစ်ထောင်းအားရ ကြိုဆိုလျက်ရှိကြသည်ကို တွေ့မြင်ရသည်။ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးကြသည့် ပါရဂူ၊ ဆေးမှူး၊ သူနာပြုများ၏ စေတနာ၊ မေတ္တာတို့ကိုလည်း အသိအမှတ်ပြု ထုတ်ဖော်ပြောကြားကြသည့်အပြင် တုံ့ပြန်မေတ္တာပို့သကြသည်ကိုလည်း တွေ့ရသည်။ နယ်လှည့်အထူးကုဆေးအဖွဲ့များကို မျှော်လင့်တောင့်တနေကြကြောင်းနှင့် မကြာမကြာ လာရောက်ပါရန်လည်း ဖိတ်ခေါ်ကြသည်။ ထို့အပြင် တပ်မတော်ဆေးရုံရေယာဉ်များ၏ ဆေးကုသမှုများမှ မွေးဖွားပေးလိုက်သည့် သားငယ်၊ သမီးငယ်များပင်လျှင် မနည်းတော့ပြီဖြစ်သည်ကိုလည်း တွေ့ရသည်။

အထူးကုဆရာဝန်ကြီးများအပါအဝင် ခွဲစိတ်၊ စမ်းသပ်၊ ရောဂါရှာဖွေနိုင်သည့် စက်ကိရိယာများ ပါဝင်သည့် နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အစီအစဉ်များမှာ ရောက်ရှိရာဒေသများမှ ပြည်သူလူထုအပေါ် လွန်စွာအကျိုးရှိစေသလို ပြည်သူများ၏ ဝမ်းသာအားရ လှိုက်လှဲစွာ ကြိုဆိုမှုများက တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေး၊ ပြည်သူအားလုံး အကျိုးဝင်သည့် ကျန်းမာရေးတို့အတွက် ဆက်လက်ကြိုးပမ်း ထမ်းရွက်ကြရမည့် ခွန်အားများကို တိုးပွားစေမည်ဟု ယုံကြည်ပါကြောင်း။ ။



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ကမ္ဘာ့အင်တာနက်ညီလာခံ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲ့ကျန်းပြည်နယ် ဝူကျန်းမြို့၌ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက်ညီလာခံ ဝူကျန်းထိပ်သီးအစည်းအဝေး [The 2023 World Internet Conference – (WIC) Wuzhen Summit] သို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Minister Counsellor ဖြစ်သူ Mr. Zheng Zhihong နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း ဘွဲ့ကြို/ ဘွဲ့လွန်သင်တန်းများ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်း၏ ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် ပထမနှစ်မှ ပဥ္စမနှစ်အထိ ဘွဲ့ကြိုသင်တန်းများနှင့် ဘွဲ့လွန်မဟာသိပ္ပံသင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက် (ကြာသပတေးနေ့) မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၂၀-၁၁-၂၀၂၃ ရက် (တနင်္လာနေ့) မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်သည်။

ဘွဲ့ကြိုပထမနှစ်သင်တန်း တက်ရောက်ခွင့်ပြုရန် ပဏာမရွေးချယ်ထားသည့် ကျောင်းသား၊ ကျောင်းသူစာရင်းကို ဝန်ကြီးဌာန၏ website (https://www.monrec. gov.mm) တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်းနှင့် ပဏာမရွေးချယ်ထားသည့် ကျောင်းသား၊ ကျောင်းသူများအား မိုင် ၂၀ လမ်းလျှောက်စွမ်းရည်စစ်ဆေးခြင်းကို ၁၈- ၁၁-၂၀၂၃ ရက် (စနေနေ့) တွင် ရေဆင်းဆည်၊ ဆည်ပေါင်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ် ၁ ရက်မှစ၍ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှစပြီး၊ မွန်၊ ရခိုင်၊ ရှမ်း၊ “ဝ” ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင် ၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း (ချိုး) ဘာသာအစီအစဉ်များကို ည (၂၃:၀၀)နာရီ အထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး မတ် ၃၁ ရက်အထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှ (၈:၀၀) နာရီအထိ ရခိုင် ဘာသာအစီအစဉ်၊ နံနက်(၈:၀၀) နာရီ မှ (၁၀:၀၀)နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀)နာရီ မှ နံနက်(၁၂:၀၀)နာရီအထိ “ ဝ ”ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီ မှ မွန်းလွဲ (၁၄:၀၀)နာရီ အထိ ကချင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၄:၀၀)နာရီ မှ ညနေ(၁၆:၀၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ ၊ ညနေ(၁၆:၀၀)နာရီ မှ ညနေ(၁၇:၀၀)နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ ညနေ(၁၇:၀၀)နာရီ မှ (၁၈:၀၀)နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်၊ ညနေ(၁၈:၀၀)နာရီမှ ည(၁၉:၀၀) နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ ည(၁၉:၀၀) နာရီ မှ (၂၀:၀၀)နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာ အစီအစဉ်၊ ၊ ည(၂၀:၀၀)နာရီ မှ (၂၁:၀၀) နာရီအထိ ချင်း(ချိုး) ဘာသာ အစီအစဉ်၊ ည(၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ မွန်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၁

**၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှွေ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ၏ Pair (အမျိုးသား + အမျိုးသမီး) အတွဲပြိုင်ပွဲ၊ ကကွက်တစ်ဦးချင်း (အမျိုးသား) ပြိုင်ပွဲ၊ ကကွက်တစ်ဦးချင်း (အမျိုးသမီး) ပြိုင်ပွဲ၊ အသင်းလိုက် (အမျိုးသား) ပြိုင်ပွဲနှင့် (အမျိုးသမီး) ပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသည့် အားကစားသမားများက အားကစားနည်းအလိုက် သရုပ်ပြတင်ဆက်ကြသည်။

**အကြိတ်အနယ်ယှဉ်ပြိုင်ကစား**

ထို့နောက် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ (ဗိုလ်လုပွဲ) ပွဲစဉ်များကို ဆက်လက်ကျင်းပရာ အမျိုးသား တစ်ဦးချင်းအတိုက် (၅၀ – ၅၄) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်းအတိုက် (၆၂ – ၆၇) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အမျိုးသားတစ်ဦးချင်း အတိုက် (၆၈ – ၇၄) ကီလိုတန်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

(ဗိုလ်လုပွဲ) ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသား (၈၀ – ၈၇) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသမီး (၆၂ – ၆၇) ကီလိုတန်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**ဆုငွေများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက အမျိုးသား (၇၄– ၈၀) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး (၆၇ – ၇၃) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး (၄၆ – ၄၉) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား(၅၄–၅၈) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား (၄၆ – ၅၀) ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား (၅၈ – ၆၃) ကီလိုတန်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်၊ ဦးရွှေကြိမ်းနှင့် ဒေါက်တာဘရှွေတို့က အမျိုးသား (၅၀ – ၅၄) ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား (၆၈ – ၇၄) ကီလိုတန်းပြိုင်ပွဲနှင့် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလား ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် အမျိုးသား တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်ကြသည်။

**တံခွန်စိုက်ဆုဖလားချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း အားကစားသမား စုစုပေါင်း ၂၈၀ ဖြင့် နိုဝင်ဘာ ၇ မှ ၁၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် မိုးစပါးများ မြို့နယ်သမဝါယမအသင်းစုသို့ စတင်ပေးသွင်း

သုံးခွ နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးသည့် မိုးစပါးများကို မြို့နယ်သမဝါယမ အသင်းစုသို့ ယနေ့နံနက် ၁၀ နာရီက စတင်ပေးသွင်း လျက်ရှိကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် သမဝါယမအသင်းစုမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရယူဆောင်ရွက်သည့် ကျေးရွာသမဝါယမအသင်းပေါင်း ၁၁ သင်းရှိပြီး လယ်ဧကေ ၂၀၅၀ ရှိသည့်အနက် အဇတ်ဝကျေးရွာ အောင်ကောင်းမြတ် စိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမအသင်းမှ အသင်းသားများ ၆၅ ဦး၏ လယ်ဧက ၄၃၀ ရှိ မိုးစပါးများနှင့် ကတုံးပေါ်အလယ်ကျေးရွာ ပစ်တိုင်းထောင် စိုက်ပျိုးရေးအသင်းမှ အသင်းသား ၂၅ ဦး၏ လယ်ဧက ၃၄၅ ဧကရှိ မိုးစပါးများအား သမဝါယမအသင်းစုသို့ ယနေ့ စတင်ပေးသွင်းလျက်ရှိကြောင်း သိရသည်။

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် မိုးစပါးများသမဝါယမအသင်းစုသို့ ကျေးရွာသမဝါယမအသင်းများမှ ပေးသွင်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အေးနှင့် ဝန်ထမ်းများ၊ သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



**စည်သူလင်း(ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း) မှ အပေါ့စား လက်ဆွဲကောက်စိုက်စက် စမ်းသပ်ထုတ်လုပ်၊ တောင်သူကိုယ်တိုင် လက်တွေ့အသုံးပြုမှတ်ချက်ပေး

နေပြည်တော် နိုဝင်ဘာ ၁၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)မှ စမ်းသပ်ထုတ်လုပ်သည့် အပေါ့စား လက်ဆွဲကောက်စိုက်စက် တတိယအကြိမ် လက်တွေ့သရုပ်ပြကောက်စိုက်ခြင်းကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ကွင်း၌ ပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။**



သရုပ်ပြပွဲတွင် အင်ဂျင်ပါဝါနှစ်ကောင်အားဖြင့် စိုက်တန်း ခြောက်တန်း စိုက်နိုင်သည့် လက်ဆွဲကောက်စိုက်စက် သုံးမျိုးနှင့်ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သရုပ်ပြပွဲ တက်ရောက်လေ့လာသူ တောင်သူက ကိုယ်တိုင် စမ်းသပ်အသုံးပြုပြီး လက်ဆွဲကောက်စိုက်စက် တစ်ခုချင်းစီ၏ လက်တွေ့အသုံးပြုမှု အတွေ့အကြုံနှင့် အားသာချက် အားနည်းချက်များ၊ တစ်နှစ် သုံးသီး စိုက်ပျိုးရာတွင် ရာသီချိန်မီဆောင်ရွက်နိုင်ရန်တောင်သူများအနေဖြင့်ကောက်စိုက်စက် အသုံးပြုရန် လိုအပ်သဖြင့် ယခုကဲ့သို့ တောင်သူ လက်လှမ်းတမီဈေးနှုန်းဖြင့် ဝန်ပေါ့ အလုပ်တွင်ကျယ်သော စက်ကိရိယာများအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးခြင်းအတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း တင်ပြသည်။

စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)က စမ်းသပ်ထုတ်လုပ်သည့် အပေါ့စား လက်ဆွဲကောက်စိုက်စက်ကို တောင်သူများအသုံးပြုရန် သင့်တော်ကောင်းမွန်သည်အထိ မွမ်းမံမှုများ ဆောင်ရွက်ပြီးပါက ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များအား နည်းပညာလွှဲပြောင်းပေးအပ်ပြီး တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ် ခန်းမတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများကို တွေ့ဆုံ၍ နိုင်ငံစီးပွားရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေး၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆီအုန်းနှင့် ရော်ဘာကဲ့သို့ နှစ်ရှည်ပင်များ စိုက်ပျိုးထုတ်လုပ်ရာတွင် ပင်ပျိုများ အစားထိုးစိုက်ပျိုးရာ၌ ခုတ်လှဲရှင်းလင်းသည့် ပင်အိုများကို အလေအလွင့်မရှိ အသုံးချနိုင်မည့် နည်းလမ်းများ အသုံးပြုရန်လိုအပ်ချက်များ၊ ကော်ဖီသီးနှံစိုက်ပျိုးရာတွင် ပို့ကုန်အတွက်သာမက ပြည်တွင်းစားသုံးသူအကြိုက် ကော်ဖီမျိုးများတိုးချဲ့ စိုက်ပျိုး၍ သွင်းကုန်အစားထိုးနိုင်ရေး ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၄)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ငါးဆေးထိုးသားဖောက် မွေးမြူခြင်း ခေါင်းစဉ်ဖြင့် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

(၁၄) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers' Technical Forum) ကို ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန တောင်သူလယ်သမားရုပ်သံခန်းမ၌ ငါးဆေးထိုးသားဖောက် မွေးမြူခြင်း ခေါင်းစဉ်ဖြင့် ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဦးစီးဌာနများ၊ တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်း (ပျဉ်းမနား)မှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။





ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးပြီး မိသားစုဝင်ငွေ တိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း၊ လုပ်ကွက်ငယ်(MSME) ငါးမွေးမြူရေးတောင်သူများအား နည်းပညာပေးခြင်း၊ ပူးပေါင်း လက်တွဲဆောင်ရွက်ခြင်း၊ အစာ ကျွေးမွေးမှု၊ အာဟာရပြည့်ဝစေမှု အပါအဝင် မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေး လုပ်ငန်းများကို မိမိတို့အားလုံး ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသဝမ်းစာ ဖူလုံရေးအပြင် ဈေးကွက်လိုအပ်ချက် ရှိနေသည့် သားငါးကဏ္ဍ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်ကြောင်း၊ သဘာဝမြစ်ချောင်းများ၊ ဆည်ကန်များတွင် အကြောင်း အမျိုးမျိုးကြောင့် လျော့နည်းလာသောငါးသယံဇာတများ ပြန်လည်ဖြည့်တင်းပေးနိုင်ရန်နှင့် အာဟာရပြည့်ဝသော ငါးအသားရိက္ခာကို ပြည်သူများ ဖူလုံစွာ စားသုံးနိုင်ကြစေရန်တို့ကို ရည်ရွယ်၍ ဖမ်းယူသုံးစွဲခြင်းထက် ငါးမွေးမြူရေးကဏ္ဍတစ်ရပ် ဖော်ဆောင်နိုင်ရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေး သုတေသနဦးစီးဌာနမှ ပညာရှင်တစ်ဦးက ငါးမွေးမြူခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း၏ အကျိုးကျေးဇူးများ၊ မျိုးငါးအထီး အမခွဲခြားခြင်း၊ မျိုးအင်္ဂါရင့်ကျက်မှု၊ ငါးမှုန်ပြုစုခြင်းနှင့် ရောဂါကျရောက်မှု ကာကွယ်ခြင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ငါးဆေးထိုးသားဖောက်ခြင်း မှတ်တမ်းဗီဒီယိုပြသသည်။

ယင်းနောက်တက်ရောက်လာသည့် စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)မှ ကျောင်းသား ကျောင်းသူများနှင့် တောင်သူများက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြမှုများအပေါ် သက်ဆိုင်ရာဌာန တာဝန်ခံများ၊ ပညာရှင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ် (၇) (မြို့ပတ်) လမ်းမကြီးရှိ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်) ဆေးရုံဝင်း သန့်ရှင်း သာယာသပ်ရပ်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းအင်အားဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆေးရုံဝင်းအတွင်း/အပြင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်နှင့်မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှု၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန် ခြင်ဆေးမှုတ်ခြင်း၊ ရေစည်၊ ရေကန်များ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှည်းကူးမြို့နယ် စစ်ပင်မြောက်ရွာရှိ တော်သမတ်ရေထိန်းတံခါးနှင့် ရေကျော်ရွာရှိ ရေထိန်းတံခါးများသို့ သွားရောက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရေပေးဝေရေးမြောင်းများရေစီးရေလာကောင်းမွန်စေရေး၊ ရေထိန်းတံခါးများတွင် ပိတ်ဆို့နေသည့် အမှိုက်၊ ဒိုက်၊ ဗေဒါများ ဆယ်ယူရှင်းလင်းရန်၊ ရေလမ်းကြောင်း ဖွင့်ပေးရန်၊ ရေထိန်းတံခါးကြံ့ခိုင်ရေးအတွက် ဆေးသုတ်မွမ်းမံရန်၊ ရေထိန်းတံခါးရေမြောင်း ဝဲ/ယာ မြက်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းရန် မှာကြားသည်။



ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စက်မှုဇုန်သို့ သွားရောက်၍ စက်မှုဇုန်ရေမြောင်း ဝဲ/ယာတွင် မီးသတ်ရေစုကန် တူးဖော်နေမှု၊ ရေမြောင်း ဖြတ်သန်းရာ သံချပ်ဝန် ဦးညွန့်လမ်းပေါ်တွင် Box Culvert တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ်၊ အလုံလမ်းနှင့် ပြည်လမ်းထောင့်မှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့ ဂိတ် (၄) ဝင်ပေါက်အထိ အစိုးရအဖွဲ့ရုံးဘက်ခြမ်းတွင် လမ်းသားတိုးချဲ့ကွန်ကရစ်ခင်းကျင်းနေမှုနှင့် လူသွားစင်္ကြံခင်းကျင်းရန် ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှု စစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီး အောင်ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒက္ခိဏသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုနှင့် စက်ရုံအလုပ်ရုံများ လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်းအတွင်း၊ အပြင်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများက ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ သစ်ပင်များ အလင်းဖွင့်ခြင်း ၊ ချုံနွယ်များ၊ ပေါင်းမြက်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ယင်းနောက် အဆိုပါကျောင်းဘောလုံးအားကစားကွင်းအတွင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြို့နယ်အဆင့်ရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူများ အားကစားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒက္ခိဏသီရိအသေးစားနှင့် အလတ်စားစက်မှုဇုန်အတွင်းရှိ ချင်းတွင်းတံခွန်အထည်ချုပ်စက်ရုံ(နေပြည်တော်)သို့ သွားရောက်၍ အထည်ချုပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး**(အပေါ်ပုံ)** တာဝန်ရှိသူများက ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးရောင်းချနေမှုများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှထွက်ရှိသည့် ဝါချည်မျှင်ကုန်ကြမ်းများကို အသုံးပြုပြီး ပြည်ပပို့ကုန်များ တိုးမြှင့်ထုတ်လုပ်ရေးကို ဆောင်ရွက်စေလိုကြောင်း၊ ကျွမ်းကျင်လုပ်သားများ တိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ဆောင်ရွက်စေလိုကြောင်းနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မုံရွာဆရာမိုးကုမ္ပဏီ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံတွင် တိုင်းရင်းဆေးများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ မြန်မာ့ရွှေသစ်သီးဝလံ ကုမ္ပဏီလီမိတက်မှ သစ်သီးခြောက်နှင့် ယိုစုံလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်နေသည့် ဘူးကွဲချောင်း (ရာဇသင်္ဂဟလမ်းမကြီးနှင့် ရောဝတီလမ်းထောင့်)တွင် သန့်ရှင်းသာယာလှပရေးအတွက် မြေထိန်းကျောက်စီ ရေမြောင်းနှင့် ရေဆင်းမြောင်းများ ဆောင်ရွက်ထားရှိမှု၊ အလှမြက်ခင်းများ၊ ဘဲစားမြက်စိုက်ပျိုးခြင်းလုပ်ငန်းများ၊ မြေယာရှုခင်းဧရိယာအတွင်း ထည့်သွင်းတည်ဆောက်လျက်ရှိသော အုတ်ရေမြောင်း ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

***❖ရှေ့ဖုံးမှ***

ပြည်သူလူထုအင်အား ၂၂၀၀ ခန့်သည် တိုင်းပြည်အလုံးစုံ ပျက်စီးရေး ဆောင်ရွက်နေကြသည့် KIA၊ AA၊ TNLA၊ MNDAA၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအားထောက်ခံအားပေးပွဲကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြသည်။

ထို့ပြင် နိုဝင်ဘာ ၈ ရက်နှင့် ၁၀ ရက်တို့တွင်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းနှင့် မန္တလေးမြို့ပေါ်ရှိ လမ်းများ၊ မန္တလေးမြို့ အဝင်အဝိုင်းထိပ်၊ မန္တလေးကျုံးဘေးနှင့် ရောဝတီရတနာပုံတံတားတို့တွင် အေးချမ်းစွာနေထိုင်လိုကြသည့်ပြည်သူများက အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများအား အလိုမရှိကြောင်း ရှုတ်ချကြပြီး ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံအားပေးမှုကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**









ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များကို ပြည်သူများက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် (အပေါ်ပုံ)နှင့် မန္တလေး(ဝဲပုံ)တို့၌ ထောက်ခံအားပေးပွဲများတွင် ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြစဉ်။

---

## ဇေယျာသီရိမြို့နယ်အတွင်းရှိ ၁၆ ခုတင်ဆံ့ ရေဆင်းတိုက်နယ်ဆေးရုံ၌ ဌာနဆိုင်ရာများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်

**ဇေယျာသီရိ နိုဝင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ၁၆ ခုတင်ဆံ့ ရေဆင်းတိုက်နယ်ဆေးရုံ၌ ဌာနဆိုင်ရာများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဇေယျာသီရိမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးဝင်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးလိုင်ဒိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးမင်းသူနှင့် တပ်ဖွဲ့ဝင်များ၊ ဇေယျာသီရိမြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဇေယျာသီရိတပ်နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက ဇေယျာသီရိမြို့နယ် (၁၆) ခုတင်ဆံ့ ရေဆင်းတိုက်နယ်ဆေးရုံအတွင်းရှိ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ ဇေယျာသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ ဆေးရုံများ၊ အများပြည်သူသွားလာလျက်ရှိသည့် လူစည်ကားရာနေရာများတွင်လည်း အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**



# သီတင်းကျွတ်လ စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

**ဗုဒ္ဓဘာသာနှင့် ဆယ့်နှစ်လရာသီပွဲတော်များသည် အနည်းနှင့်အများဆိုသလို တစ်နည်းမဟုတ် တစ်နည်း ဆက်နွှယ်ပတ်သက်မြဲ ဖြစ်ပေသည်။ သီတင်းကျွတ်လတွင် အဘိဓမ္မာ အခါတော်နေ့၊ ပဝါရဏာပွဲတော်၊ တာဝတိံသာ ဆီမီးပူဇော်မီးပုံးပွဲနှင့် လူကြီးမိဘများကို ကန်တော့သော မင်္ဂလာမှုပွဲများ ကျင်းပကြလေသည်။**

သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာမှ သင်္ကာသမြို့သို့ ကြွရောက်တော်မူခဲ့သည်။ ထိုကို မြန်မာမှုနယ်ပယ်တွင် ရုပ်လုံးရုပ်ကြွ၊ ပန်းချီကား၊ စာအလင်္ကာများဖြင့် ခေတ်အဆက်ဆက် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖော်ဆောင်ခဲ့ကြပေသည်။ ပိဋကတော်လာ စာပေများအရ ဗုဒ္ဓဘုရားရှင်ကြွလာသည့် ပတ္တမြားစောင်းတန်း၊ နတ်အပေါင်းကြွလာသည့် လက်ယာဘက်ရွှေစောင်းတန်း၊ ဗြဟ္မာများကြွလာသည့် လက်ဝဲဘက်ငွေစောင်းတန်း၊ ပဉ္စသိခ်ဂန္ဓဗ္ဗနတ်၏ ဗေဠုဝစောင်း၊ သုယာမနတ်မင်း၏ စာမရီသားမြီးယပ်၊ သန္တုသိတနတ်မင်း၏ ပတ္တမြားယပ်ဝန်း၊ သိကြားမင်း၏ ဝိဇယုတ္တရခရုသင်း၊ သဟံပတိဗြဟ္မာကြီး၏ ထီးဖြူတော်၊ မာတလိနတ်သား၏ မွှေးပျံ့ရနံ့များ၊ ဘုရားရှင် လူ့ပြည်သို့အရောက် လက်ယာခြေတော်ကို ချတော်မူရာ ရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာပူဇော်ပုံတို့သည် နောင်သော် ဗုဒ္ဓဘာသာမြန်မာယဉ်ကျေးမှုနယ်ပယ်တွင် ခရုသင်း၊ သားမီးယပ်၊ ထီးဖြူတော်၊ ခြေတော်ရာ စသည့်မြန်မာမှုများအဖြစ် တည်ရှိလာလေတော့သည်။

တာဝတိံသာပွဲ ပန်းချီပုံကို ပုဂံဒေသ မြင်းကပါဂူပြောက်ကြီးဘုရားတွင် နံရံဆေးရေးပန်းချီကားအနေဖြင့် ဦးစွာတွေ့ရပေသည်။ ပိဋကတော်စာပေ(အဋ္ဌသာလိနီအဋ္ဌကထာ(၁၈)ဓမ္မသင်္ဂဏီများ ဋီကာ(၁၈) အဋ္ဌသာလိနီယောဇနာ (၂၂) ကျမ်း)များကို မှီငြမ်း၍ ဗုဒ္ဓဘုရားရှင် သင်္ကာသမြို့သို့ ကြွရောက်ချိန်တွင် ယနေ့ခေတ် အိန္ဒိယစံတော်ချိန် မွန်းလွဲ ၂ နာရီမှ ၆ နာရီအတွင်းသာ ဖြစ်နိုင်ကြောင်းကို ဆရာကြီး ဓမ္မစရိယ ဦးအေးနိုင်က သုံးသပ်ပြထားသည်ကိုလည်း တွေ့ရပေသည်။ (မီးထွန်းသည့် အချိန်မဟုတ်ဟု ဆိုလိုပေသည်) ဤသို့ မီးထွန်းခြင်းအကြောင်းအရာသည် ခေတ်အဆက်ဆက်တွင် ဝိဝါဒကွဲပြားခဲ့ရာ လင်းပါးဖွယ်ရှိရာ၏။

ဤသို့ လင်းပါးဖွယ်ရှိ၍ ကုန်းဘောင်ခေတ်ဘိုးတော် ပဒုံမင်းတရားကြီး မေးလျှောက်ချက်ကို ပထမမောင်းထောင်သာသနာပိုင် ဆရာတော်က အမေးတော်ဖြေကျမ်းတွင် ဖြေဆိုထားပေသည်။ သက္ကရာဇ်-၁၁၅၀-ပြည့် တော်သလင်းလပြည့်ကျော် ၁၃-ရက်၊ စနေနေ့ (၂၈-၉-၁၇၈၈) ထိုအမေးတော်ပုံ သဘောအဖြေကို အကျဉ်းတင်ပြရပါက-

"ဇာတ်နိပါတ်များတွင် ကြတ္တိကာသဘင်ရှိကြောင်းကို ဥမ္မဒန္တီဇာတ်တော်အရ သိရသည်။ ရှင်မဟာရဋ္ဌသာရက **"မီးပန်းပွင့်တုန်းတန်ဆောင်မုန်း"** ဟူ၍ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် ရေးစပ်ခဲ့ကြောင်း၊ ယခု ဆီးမီးမြင့်မိုရ်ပွဲသည် တန်ဆောင်တိုင်ရော၊ သီတင်းကျွတ်ရော ပူဇော်ကြသည်။ ဗုဒ္ဓဝင်လာသည့်အတိုင်း တာဝတိံသာမီးထွန်းပွဲကို သာလွန်မင်းလက်ထက်တွင် စတင်ခဲ့သည်ဟု သုံးသပ်ကြောင်း၊ ထို့ကြောင့် ယခုကျင်းပသော သီတင်းကျွတ်လတွင်ပင် ကျင်းပခြင်းကမှန်သလော၊ ကြတ္တိကာနက္ခတ်နှင့် ယှဉ်သော တန်ဆောင်မုန်းလတွင် ကျင်းပသင့်သလောဟု မေးလျှောက်ထားလေသည်။"

**ဆရာတော် ဖြေဆိုချက်ကို တင်ပြရပါက -**

"သီတင်းကျွတ်လ မီးပူဇော်ကြောင်းကို ဇာတ်နိပါတ်ကျမ်းဂန် တို့၌မလာ။ တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်နှင့်ယှဉ်သော ပွဲသဘင်သာလာသည်။ (ဥမ္မဒန္တီဇာတ်မှ ၅-၂၂၄) သို့သော် နက္ခတ်နှင့် ယှဉ်သောသဘင်၊ ဥတုဆန်းစသဘင်၊ ရာသီနှင့်ယှဉ်၍ ပန်းပွင့်ချိန် သဘင်များရှိကြောင်းကို ဝေဿန္တရာဇာတ်မှာ ဆိုသည်နှင့်အညီ ရေမြေသနင်းမင်းတို့ အဦးမူ၍ ပြုသည့်သဘင်မှာ အစဉ်ထုံးစံကာလ ရှိသင့်သည်။ ရတနာသုံးပါးကို စွဲ၍ပြုသည်ဖြစ်စေ၊ နက္ခတ်ကိုစွဲ၍ဖြစ်စေ၊ နက္ခတ်ယှဉ် ဥတုဆန်း၊ ပန်းပွင့်ချိန်များနှင့် သင့်အောင်ခံလျှင် မည်သည့်နက္ခတ်သဘင် ဥတုသဘင် ပန်းသဘင်ဟုဆိုသင့်တော့သည်။ သီတင်းကျွတ်လ ရွှေဆင်၊ ငွေဆင်၊ ဆင်ရုပ်၊ မြင်းရုပ် စသည့်အလှူတော်များကိုလည်း ကျမ်းဂန်မှာ ဆင်လှူသည်၊ မြင်းလှူသည်ဆိုသည့် ထုံးစံများကိုစွဲ၍ ရှေးမင်းတို့လက်ထက် အစဉ်လှူဒါန်းခြင်း ထုံးစံဖြစ်သည် ဟုယူရန် ရှိသည်။"

(အမေးတော်ဖြေ-စာ-၂၈၄/၂၈၅)

ဆရာတော်၏အဖြေမှာ "ရာဇာပဓါနံ မင်းပြဋ္ဌာန်းချက်" သာ အဓိကဖြစ်ကြောင်း၊ ရာသီပြောင်း နက္ခတ်ပြောင်းအရလည်း ကျင်းပနိုင်ကြောင်းကို ဖြေကြားတော်မူထားသည်။ မည်သို့ဖြစ်စေ ဤအမေးတော်ဖြေကျမ်းစာအရ တာဝတိံသာမီးထွန်းပွဲကို သာလွန်မင်းတရားကြီး လက်ထက်တွင် ရှိနေပြီဟု သမိုင်းအရသိရှိရလေသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် သီတင်းကျွတ်ပွဲတော်ဆင်နွှဲကြပုံကို စာဆိုတော် ဦးယာက လူးတားစာအလင်္ကာဖြင့် ရေးစပ်ခဲ့လေသည်။

လူးတားရေးစပ်နည်းမှာ အက္ခရာ ၃-လုံး အစချီ၍ရေးပြီးလျှင် အဆုံး၌ ၇-လုံးတလှည့်၊ ၁၁-လုံးတလှည့်ရေးစပ်ရသော စာပေအမျိုးအစားဖြစ်သည်။

"…ကြော်သဲအုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိံသာသို့၊ လေးဖြာရောင်စို မြင့်မိုရ်ပွဲကြီး.."

"…သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်၊ အတူတကွ၊ မောင်ကတိုင်မြောက်၊ မယ်ကဖောက်၍၊ နှစ်ယောက်စုံလင်၊ စွယ်တော်စင်တွင်၊ ပန်းတင်ရေသွန်း၊ ဆုယူညွှန့်သည်၊ ပြောင်ရွှန်း ဆီးမီးတိုင်နှင့်လေး… ကြာခိုင်တည့်လျှံဝင်း၊ ကျွတ်သတင်း…။ ။"

ဤလူးတား ဒုတိယပိုဒ်တွင် "သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်မှ ကြာခိုင်တည့်လျှံဝင်း၊ ကျွတ်သတင်း" ထိကို ဖတ်ကြည့်ခံစားမိရာ သီတင်းကျွတ်လပြည့် မီးထွန်းပွဲတော်ကို ဝတ်ကောင်းစားလှဝတ်ဆင်

> ❀ **ပိဋကတော်လာ စာပေများအရ ဗုဒ္ဓဘုရားရှင်ကြွလာသည့် ပတ္တမြားစောင်းတန်း၊ နတ်အပေါင်းကြွလာသည့် လက်ယာဘက်ရွှေစောင်းတန်း၊ ဗြဟ္မာများကြွလာသည့် လက်ဝဲဘက် ငွေစောင်းတန်း၊ ပဉ္စသိခ် ဂန္ဓဗ္ဗနတ်၏ဗေဠုဝစောင်း၊ သုယာမနတ်မင်း၏ စာမရီသားမြီးယပ်၊ သန္တုသိတနတ်မင်း၏ ပတ္တမြားယပ်ဝန်း၊ သိကြားမင်း၏ ဝိဇယုတ္တရခရုသင်း၊ သဟံပတိဗြဟ္မာကြီး၏ ထီးဖြူတော်၊ မာတလိနတ်သား၏ မွှေးပျံ့ရနံ့များ၊ ဘုရားရှင်လူ့ပြည်သို့အရောက် လက်ယာခြေတော်ကို ချတော်မူရာ ရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာ ပူဇော်ပုံတို့သည် နောင်သော် ဗုဒ္ဓဘာသာ မြန်မာယဉ်ကျေးမှုနယ်ပယ်တွင် ခရုသင်း၊ သားမီးယပ်၊ ထီးဖြူတော်၊ ခြေတော်ရာ စသည့် မြန်မာမှုများအဖြစ် တည်ရှိလာလေတော့သည်**

ကြပြီး မောင်နှံစုံစွယ်တော်စင်တွင် ဆီမီးထွန်းကြပုံ၊ ဆုတောင်းကြပုံ၊ ကြာပန်းနှင့် ဆီမီးများ လှူကြပုံများမှာ ယခုခေတ် ဗီဒီယိုရိုက်ပြီး ပို့လိုက်သည်ကို မြင်သိခံစားရသကဲ့သို့ ရှိလှပေသည်။

လောက၌ ဤအကြောင်းအရာ ဤဝတ္ထုကိုပင် ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးအမြင်ချင်းမတူ၊ ရှုထောင့်မတူ၊ မြင်နည်းမြင်ပုံကွာခြားမှုအရ အလှအပရသများသည်လည်း ကွာခြားမြဲဖြစ်ပေသည်။ ဤသီတင်းကျွတ်လကိုပင် စာဆိုအသီးသီးခြယ်မှုန်းကြရာ စာဆိုတော် ဆီသည်ရွာစား ဦးအောင်ကြီးကလည်း အင်းဝမြို့နှင့် သီတင်းကျွတ်လဘွဲ့ကို အောက်ပါအတိုင်း လူးတားစာအလင်္ကာဖြင့် ဖွဲ့ဆိုထားလေသည်။

"သာစွလေ…မြောက်လေပြန်စ၊ ကောင်းကင်လနှင့်၊ အဿဝနီ၊ ပြည့်လှာညီသော်၊ ရာသီတူခွင်၊ ရေပြင်လှတင့်၊ ကြာမျိုးပွင့်၍၊ မြတ်ကျင့်ခေါင်ထွတ်၊ သီတင်းကျွတ်ကား၊ ရွှေလွှတ်တော်ပွဲ၊ တက်မြဲခင်းကျင်း၊ မြို့တွင်းမြို့ပြင်၊ ထွန်းထင်ညီးဝါ၊ မြို့လယ်မှာမူ၊ အချာဗဟို၊ မီးမြင်းမိုရ်လည်း၊ မဂ်ဖိုလ်ရှေးရှု၊ ပူဇော်လှူ၍၊ လူတို့ထွတ်ချာ၊ စောနရာလျှင်၊ ရတနာဘုရင်၊ မကိုဋ်ဆင်လျက်၊ သဘင်ထွက်ကာ၊ စကြာချပ်ဆင့်၊ ရှစ်ဆိုင်ဖွင့်၍၊ စဉ်သင့်နေထား၊ ရာ့တစ်ပါးတို့၊ ဖလားရွှေစိုင်၊ ရွှေခိုင်မောက်မောက်၊ ထိုက်လျောက်မြတ်နိုး၊ အုပ်ထည်မျိုးနှင့်၊ ရှိခိုးလက်ဆောင်၊ မြားမြောင်ဆင်၊ မြင်း၊ မကြွင်းလိုက်ဖက်၊ ရတ်ရက်မြောက်ချီး၊ ထီးနှင့်တံခွန်၊ ခန့်ရန်ပူဇော်၊ အလှူတော်ကို၊ နုမော်စိတ်ထက်၊ ချရေစက်သည်၊ ဘဝဂ်မိုးထိ သန်းတည့်လေ…။ ။ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး…။ ။"

ဆိုလိုရင်းအဓိပ္ပါယ်မှာ မြောက်လေပြန်စ သရဒဥတု(သီတင်းကျွတ်၊ တန်ဆောင်မုန်း) မိဿရာသီ အဿဝဏီနက္ခတ်နှင့်စန်းယှဉ်၍ လပြည့်သည်။ ရာသီစက်က တူရာသီတွင် တည်ရှိသည်။ ကြာမျိုးငါးပါး ပွင့်၍ တင့်တယ်သည့် အခါသမယတွင် မြို့တွင်းမြို့ပြင်တွင် (တိုင်းပြည်တခွင်) ဆီမီးမြင့်မိုရ်ပွဲတော်များ ပြု၍ ကုသိုလ်ယူ ဆုပန်ကြသည်။

မင်းနေပြည်တော်တွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရတနာဒုရင်မကိုဋ်ဆင်၍ သဘင်ပွဲကြီးဆင်နွှဲသည်။ အရပ်လေးမျက်နှာမှ ကန်တော့လာကြသည့် နယ်စားနယ်ခံများကို ရာထူးဌာနန်အလျောက် ဆင်မြင်းရတနာအဆောင်အယောင်များ ချီးမြှင့်မြောက်စား၍ လွှတ်တော်ပြီးသည့်အခါ အလှူပွဲကြီးလုပ် ရေစက်သွန်းချသည်မှာ ဘဝဂ်မိုးသို့ တိုင်သည်။ ရွှေပြည်အင်းဝနန်း ပွင့်လန်းဝေစည်ပါကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်လေသည်။

ဆီသည်ရွာစား ဦးအောင်ကြီးမှာ (သက္ကရာဇ်-၁၀၃၀-၁၀၉၀) မှန်နန်းရှင် ဆင်ဖြူရှင်ထံ ခစားသောစာဆိုတော်ဖြစ်သည်။ သက္ကရာဇ်-၁၀၇၆ ခုနှစ် နောက်ပိုင်းတွင် အဝမြို့ဘွဲ့ ၁၂-လ ရာသီ လူးတားကို ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

အထက်ဖော်ပြပါ ဦးယာ၏ လူးတားမှာမူ ကုန်းဘောင်ခေတ် အမရပူရမြို့ဘွဲ့ ၁၂-လရာသီ လူးတားမှာ သီတင်းကျွတ်လဘွဲ့ဖြစ်သည်။

စာဆို နှစ်ဦးတို့၏ သီတင်းကျွတ်လဘွဲ့ လူးတားသည် တစ်ဦးက (ဦးအောင်ကြီး) နေပြည်တော်ဒေသ ဘုရင့်မင်းခန်းတော်ဆိုင်ရာ မြင်ကွင်းကို ဖွဲ့ဆို၍ ဦးယာ က ပြည်သူလူထုနှင့် ဆက်စပ်သောမြင်ကွင်းကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ထိုကဲ့သို့ပင် လအလိုက်ဖွဲ့ဆိုကြသည့် စာဆိုအသီးသီးတို့၏ စာအလင်္ကာများသည် ဂုဏ်ရသ အလင်္ကာ မြောက်လှ၍ သူ့နည်းသူ့ဟန်ကောင်းကြပါပေသည်။

ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတို့တွင် အရပ်ဇာတ်သဘင်များ ပေါ်လာသည်။ အရပ်ဇာတ်သဘင်တို့တွင် ဆယ့်နှစ်လရာသီ ဗုံထောက်၊ ခွန်းထောက်၊ လေပြေ၊ သဖြန်၊ လွမ်းချင်း၊ ပတ်တိုက်၊ စည်တော်သံ စသည့် စာအလင်္ကာများအနေဖြင့် ရေးဖွဲ့လာကြသည်။ ဇာတ်သဘင်သုံးဖြစ်သော ထို ၁၂-လ ရာသီ စာအလင်္ကာများမှာ စာရေးသူ၊ စာဆိုမထင်ရှားလှပေ။ အဆင့်ဆင့်နှုတ်ဖြင့် မှတ်တမ်းတင်ခဲ့ကြသည်သာများသည်။ ထီးသံ နန်းသံမပါဘဲ အရပ်သံ၊ ဇာတ်သံနှော၍ ရေးဖွဲ့ကြသည်။ ရေးဖွဲ့သည့် ပုဂ္ဂိုလ်များသည်လည်း စာ၏ အနက်အဓိပ္ပာယ်ကို ကြည့်၍ ရှေးဟောင်းစာပေ ပေါရာဏဝေါဟာရပါဠိပျက် ပါဠိသက်စသည်များကို ကျွမ်းကျင်ကြသည့် ပုဂ္ဂိုလ်များဖြစ်သည်။ အောက်ပါသီတင်းကျွတ်လဘွဲ့မှာ ဇာတ်သဘင်ကရာတွင် အခန်းတစ်ခုမှ အခန်းတစ်ခုသို့ ပြောင်းသည့်အခါ လေပြေထိုးခြင်း ဇာတ်စာဖြစ်သည်။ အထူးရှင်းပြရန် မလိုတော့ပေ။ သိသာလွယ်ပေသည်။

ထိုသို့ လေပြေထိုးရွတ်ဖတ်ပြီး ကတ္တီပါပြည်ဖုံးကားလိပ်ကြီး ချလိုက်သောအခါ စိတ်ထဲတွင် ရသတစ်မျိုးခံစားကြရပေသည်။ စာရှုသူများ ထိုရသကို ခံစားကြည့်ကြကုန်…ဟု နိဂုံးချုပ်အပ်ပါသည်။

"ငွေစာညှင်းအဆိုလူဆရာက ဝိထားကဲ့၊ နေမင်းလိုဇမ္ဗူမှာ မရှိပြီး ပါဘု၊ ရွှေမြင့်မိုရ် ယူဇနာအပြားဝယ် စူဠာမုနိဘုရား ထီးဖြူတော်နှင့်၊ မီးပူဇော်ခါ အခေါင်လုပ်ပြန်တော့ တောင်စမုတ် မင်းဗိမာန်ဝယ်၊ ဝင်းအိမ်ဖန်ဇာတ်ရုပ်သေးတို့ပါ မှတ်ဖို့အဟုတ်ရေးခဲ့၊ နည်းထုံးစံနှင့် မီးပုံးပျံရတနာ နန်းခရိုင်ဝယ်၊ ကြာပန်းခိုင်နှင့်မင်းအထွတ်ပြုရ သီတင်းကျွတ်လ ထက်နတ်ပြည်ကဲ့သို့၊ နက္ခတ်အဿဝဏီ အဇတာထိန်ဝါ၍ တာဝတိံသာက ဘဂဝါအရဟံ သက်ပေသည့်၊ ကာယကံလက်နှင့် ဖူးညားတော့၊ အမှူးအားထားခါ အောင်စည်တော် မချဲ့ပါဘု၊ ထူးမခြားနားရောင်ခြည်တော်ဘွဲ့ တီးတော်မူစမ်း…။ ။"

## (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်(အင်္ဂါနေ့) နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဆွမ်းပဒေသာပင်၊ စာအောင်ဆုပဒေသာပင်၊ တိပိဋကအထွေထွေရန်ပုံငွေများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ၀၉-၄၃၀၆၇၁၆၈၊ ၀၉-၄၄၃၁၉၀၁၉၃ တို့သို့ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့်စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ သြဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော် အပါး ၁၆၀၊ အာဂုံပြန်စာရင်းသွင်းသံဃာ ၂၈၃ ပါး၊ သဘောရေးဖြေ စာရင်းသွင်းသံဃာ ၂၁၈ ပါး၊ စုစုပေါင်း ၆၈၂ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## ၂၀၂၃ ခုနှစ်အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက် (စနေနေ့)မှ ဒီဇင်ဘာ ၁၁ ရက် (တနင်္လာနေ့)အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး) စာမေးပွဲကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့်လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများ အနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာ စာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## (၂၂) ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော် စာမေးပွဲစာအောင်ဘွဲ့နှင်းသဘင် ဆက်ကပ်ပူဇော်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၁၁**

(၂၂)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော် စာမေးပွဲ စာအောင်ဘွဲ့နှင်းသဘင် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်သံဃာတော်၊ ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်တို့က "နမောတဿ သုံးကြိမ်" ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနစရိယ စွန်းလွန်းကျောင်းတိုက် ဦးစီးပဓာန မဟာနာယက ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြို့လယ် ဓမ္မာရုံဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်က (၂၂) ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော် စာမေးပွဲကျင်းပအောင်မြင်မှု အခြေအနေများကို ဆရာတော်များအား ဖတ်ကြားလျှောက်ထားပြီး ကမ္ဘောဇ သာမဏေကျော်ဘွဲ့ရ "သာမဏေကျော်" များအား ဘွဲ့ပုံတော်နှင့် ဘွဲ့တံဆိပ်တော်ဘွဲ့အလံတော်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး (ယာပုံ)၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဆက်ကပ်လှူဒါန်းပေးကြပြီး စာမေးပွဲအဆင့်အလိုက် အောင်လက်မှတ်၊ စာအောင်ဆုများကို မြို့လယ်ဓမ္မာရုံဂေါပက၊ တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းပေးကြသည်။

ထို့နောက် တောင်ကြီးမြို့ အမှတ် (၅၆) ကမ္ဘောဇလမ်း သစ်တောရပ်ကွက်၊ အကွက်အမှတ် (၃၀) ဦးပိုင်အမှတ် ၁၃/က နေ ဦးမေ့မိမိပိုင်ဆိုင်သော ဧရိယာ ၀ ဒသမ ၁၂၁ ဧကရှိ မြေနှင့် အဆောက်အအုံကို တောင်ကြီးမြို့လယ်ဓမ္မာရုံမှ ပြုလုပ်သော ကမ္ဘောဇသာမဏေကျော် စာမေးပွဲကျင်းပရေးအဖွဲ့သို့ လှူဒါန်းပေးပြီး ရှမ်းပြည်နယ် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တ တေဇဝန္တ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။



၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဧည့်ပရိသတ်တို့က ဆရာတော် သံဃာတော်ကြီးများအား စာအောင်သာမဏေကျော်တို့ကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူပေးကြကြောင်းနှင့် (၂၂) ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော် စာပြန်ပွဲတွင် ပထမအဆင့် ၂၄၂ ပါး ဖြေဆိုပြီး အပါး ၂၂၀ အောင်မြင်၊ ဒုတိယအဆင့် ၁၇၈ ပါးဖြေ ၉၆ ပါးအောင်၊ တတိယအဆင့် ၁၀၁ ပါးဖြေ ၂၇ ပါး အောင် စုစုပေါင်း ၃၄၃ ပါး အောင်မြင်ပြီး သာမဏေကျော် ၂၇ ပါးအောင်မြင်ကြောင်းနှင့် စာရင်းရှိ ဖြေဆိုစုစုပေါင်း ၇၀၃ ပါး ရှိကြောင်း သိရသည်။

**မောင်မောင်သန်း (ပြန်/ဆက်)**

## မောင်တောမြို့၌ မြို့ဦးရွှေစည်းခုံဆံတော်မြတ်စေတီရွှေထီးတော်အသစ် တင်လှူပူဇော်နိုင်ရန် အလှူငွေများပေးအပ်

**မောင်တော နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မိုခါမုန်တိုင်းဘေးကြောင့် ပျက်စီးခဲ့သော မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီ ရွှေထီးတော်အသစ် တင်လှူ ပူဇော်နိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေများပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။



ဦးစွာ မိုခါမုန်တိုင်းဘေးကြောင့် ပျက်စီးခဲ့သော မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီ ရွှေထီးတော်အသစ် တင်လှူပူဇော်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လှူဒါန်းငွေကျပ် ၂၈၆၄၁၀၀၀ ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးက ပေးအပ်လှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက လက်ခံယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ထို့နောက် မိုခါမုန်တိုင်းဘေးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် ဗိုလ်မှူးချုပ် တင်ဆွေက လှူဒါန်းငွေ ငါးသိန်း၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် ဇနီးက လှူဒါန်းငွေ ကိုးသိန်းတို့ကို ဆက်လက်လှူဒါန်းပေးအပ်ခဲ့သည်။ ယင်းနောက် ရွှေစည်းခုံ ဆံတော်မြတ်စေတီတော်ကြီးတွင် တင်လှူပူဇော်မည့် တတိယဘုံ၊ စတုတ္ထဘုံ၊ ပဉ္စမဘုံအဆင့်များအတွက် သီးခြားအလှူရှင်များက လှူဒါန်းသောငွေ ၇၂ သိန်းနှင့် မြို့သူ မြို့သားများမှ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၂၉၄၅၆၈၀ ကို လှူဒါန်းပေးအပ်ရာ တာဝန်ရှိသူက လက်ခံယူသည်။ အဆိုပါ မိုခါမုန်တိုင်းဘေးကြောင့် ပျက်စီးခဲ့သော မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီ ရွှေထီးတော်အသစ် တင်လှူပူဇော်နိုင်ရန်အတွက် ပထမအကြိမ်နှင့် ဒုတိယအကြိမ် စုစုပေါင်းအလှူငွေလက်ခံရရှိမှုမှာ ၈၀၀၉၆၆၅၀ ဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး၊ အောင်ကျော်စိန် (ပြန်/ဆက်)**

## လွိုင်လင်မြို့၌တည်ထားကိုးကွယ်သည့် အနန္တဇိနလောက ချမ်းသာစေတီတော်မြတ်ကြီး၌ တင်လှူမည့် စိန်ဖူးတော်၊ ထီးတော်များပင့်ဆောင်ပွဲကျင်းပ

**လွိုင်လင် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် လွိုင်လင်အရှေ့ကျေးရွာအုပ်စု မဟာထူပါရုံတောရကျောင်းတိုက် အောင်တော်မူတောင်ပေါ်၌ တည်ထားကိုးကွယ်သည့် အနန္တဇိနလောကချမ်းသာစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်ပင့်ဆောင်ပူဇော်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက မိုင်းပွန်မြို့မှ လွိုင်လင်မြို့သို့ ပင့်ဆောင်ကြသည်။

အဆိုပါစေတီတော်တွင်တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်များကို လွိုင်လင်မြို့မှ စေတီတော်ဖြစ်မြောက်ရေးကော်မတီများ၊ ဂေါပကအဖွဲ့များ၊ ဝတ်ရွတ်အသင်းအဖွဲ့များက နံနက် ၇ နာရီတွင် စုရပ်ဖြစ်သည့် လွိုင်လင်မြို့ သာသနာ့ဗိမာန်မှ မိုင်းပွန်မြို့သို့သွားရောက်ပင့်ဆောင်ကြပြီး ပင်လုံမြို့တွင်းသို့ ပြည်သူအများ ဖူးမြော်နိုင်ရန် လှည့်လည်အပူဇော်ခံသည်။

အနန္တဇိနလောကချမ်းသာစေတီတော်ကြီး၏ ထီးတော်တင်လှူပွဲကို လာမည့် နိုဝင်ဘာ ၁၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း စေတီတော်ဖြစ်မြောက်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

မြန်မာ့အလင်း
တနင်္ဂနွေ၊ နိုဝင်ဘာ ၁၂၊ ၂၀၂၃

# ချင်းပြည်နယ်ဝန်ကြီးချုပ် ချင်းပြည်နယ် ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**ဟားခါး နိုဝင်ဘာ ၁၁**

ချင်းပြည်နယ် ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၃) ကို ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအတိုင်း ကုန်စည်အများအပြား ထုတ်လုပ်နိုင်မှသာ ရောင်းစရာ ကုန်စည်ရှိလာမည်ဖြစ်ပြီး အရောင်းအဝယ်၊ ကုန်စျေးနှုန်းဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ကြမ်းအမြောက်အမြားထုတ်လုပ်နိုင်ရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ထိုကုန်ကြမ်းများကို အခြေခံ၍ ကုန်ချောထုတ်လုပ်ရောင်းချနိုင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ လျှပ်စစ်စွမ်းအင် တိုးမြှင့်ထုတ်လုပ်ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး၊ လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးရေး၊သမဝါယမစိတ်ဓာတ်ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။**(ယာပုံ)**

ထို့နောက် ပြည်နယ်ကုန်စျေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းက ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့အတွင်းရေးမှူး ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးလှမိုးနိုင်၊ တွဲဖက်အတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့မှ ဒေါ်ချိုချိုဝင်းတို့က ကုန်စျေးနှုန်းပြောင်းလဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။



ဆွေးနွေးတင်ပြချက်များပေါ် တက်ရောက်လာသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးအောင်ချိုတို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ကုန်စျေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မြိတ်မြို့နယ်၌မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ တက်ရောက်အားပေး



**မြိတ် နိုဝင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက သဘွတ်ကျေးရွာအုပ်စု ဝန်မယ်ကျေးရွာရှိ ကွင်းအမှတ်(၁၆၅) ဦးပိုင်အမှတ် (၈၃/၃)၊ တောင်သူ ဦးအေးမင်း၏ စိုက်ကွက် နှစ်ဧကတွင် GW-11 စပါး အမျိုးအစားကို ရိတ်သိမ်းခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများတက်ရောက်အားပေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို သဘွတ်ကျေးရွာအုပ်စု ဝန်မယ်ကျေးရွာ မြိတ် - ရန်ကုန်သွား ပြည်ထောင်စုလမ်းမကြီးနံဘေးရှိ ကွင်းအမှတ်(၁၆၅)၊ ဦးပိုင်အမှတ် (၈၃/၃)၊ တောင်သူ ဦးအေးမင်း၏ မိုးစပါးစိုက်လယ်ယာမြေတွင် GW-11 မျိုးစပါး နှစ်ဧက မိုးစပါးစံပြကွက်ကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ၌ အထွက်နှုန်းမှာ တစ်ဧကလျှင် စပါးအစို ၁၃၅ တင်း ထွက်ရှိသည်။

အဆိုပါမိုးစပါးတောင်သူပညာပေး မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# သထုံမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**သထုံ နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက် ၁၀ နာရီက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျောင်းသား ကျောင်းသူများအနေဖြင့် ယဉ်ကျေးသိမ်မွေ့သော လူငယ်များဖြစ်လာရေး၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးတတ်စေရေး၊ စာဖတ်ခြင်းဖြင့် အသိပညာမြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးကာ လူငယ်တို့၏အနာဂတ်ဘဝ ပိုမိုမြင့်မားလာရေး၊ အကျင့်စာရိတ္တကောင်းမွန်ပြီး လူ့ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်သည့် လူငယ်များဖြစ်လာစေရေး စသည့်လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။**(အောက်ယာပုံ)**

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန အမျိုးသမီးကျန်းမာရေး ဆရာမဒေါ်ခင်စိုးလှိုင်က လတ်တလောအဖြစ်များနေသည့် မျက်စိနာရောဂါ ဖြစ်ပွားရခြင်း၏အကြောင်းများ၊ ကူးစက်ပုံများနှင့် ကြိုတင်ကာကွယ်ရမည့် အချက်များ၊ မျက်စိနာခြင်းအမျိုးမျိုး၊ မျက်စိရောဂါများနှင့် သတိပြုရမည့် ပြုမူနေထိုင်နည်းများ တို့ကို ဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိလိုသည်တို့ကို ဆွေးနွေးမေးမြန်းကြပြီး အသိပညာပေးဟောပြောသူက ပြန်လည်ရှင်းလင်းပေးသည်။

အဆိုပါအခမ်းအနားသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန သထုံခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးအောင်ကျော်နှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာ မှတ်သားကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# မြစ်ကြီးနားမြို့၌ မျက်စိနာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (မြစ်ကြီးနား)သင်တန်းခန်းမ၌ ယနေ့ နံနက် ၈ နာရီက မျက်စိနာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာလှိုင်လှိုင်ဌေးက လတ်တလောဖြစ်ပွားလျက်ရှိသော မျက်စိနာရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန်များ၊ ကာကွယ်ရန်နည်းလမ်းများအား အသိပညာပေးဟောပြောခဲ့ကြောင်းနှင့် ဟောပြောပွဲတွင် တက်ရောက်သူ ၈၀ ခန့်ရှိကြောင်း သိရသည်။

အလားတူ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(မြစ်ကြီးနား)တွင်လည်း ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးမှူး ဒေါက်တာဦးစိုးသန်းက အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ၊ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်**
**မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

# သာစည်မြို့နယ် အခြေခံပညာကျောင်းများ၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**သာစည် နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပြပွဲများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်က မရွှေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် သနပ်ကန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ ပြုလုပ်သည်။

ရေးဦးစွာ မရွှေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးခက်က အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်ထွေးထွေးစိန်က လူငယ်ရေးရာများနှင့်ပတ်သက်ပြီး အသိပညာပေးဆွေးနွေးသည်။

ထို့နောက် အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ သုတရသစာအုပ်များပြပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ကြရာ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် သနပ်ကန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဟောပြောပွဲနှင့်အသိပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မကွေးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မကွေး နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်များတွင် မြို့ရွာသန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးခန်းများ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးတို့အတွက် အပတ်စဉ် (စနေနေ့တိုင်း) စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီက မကွေးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်း လေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကြည့်ရှုအားပေးသည်။ (ယာပုံ)



ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ အမျိုးသမီးရေးရာ/မိခင်နှင့်ကလေးအသင်းအဖွဲ့များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အဆင့်မြင့်နှင့် အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတလူမှုကူညီရေး အဖွဲ့အစည်းများ စုပေါင်း၍ မကွေးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ မြက်၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ဆေးကုသဆောင်များနှင့်မလွတ်ကင်းသော သစ်ကိုင်း၊ သစ်ပင်များ ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်း အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ အမှိုက်ကားများဖြင့် စနစ်တကျသိမ်းဆည်းစွန့်ပစ်ခြင်းများကို ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်သည်။

အလားတူ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စုစုပေါင်းအင်အား ၃၂၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၊ ဌာနဆိုင်ရာရုံး အဆောက်အအုံများ၊ မြို့၊ ရွာ၊ စာသင်ကျောင်း၊ ဆေးရုံများ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာအထောက်အကူဖြစ်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းများကို အပတ်စဉ်(စနေနေ့တိုင်း) ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇေယျာသီရိ မြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နှင့် မက်မန်းမြို့တို့၌ လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ သထုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့နယ်၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့နှင့် တီးတိန်မြို့တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေတာရှည်မြို့နယ်၌ လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင် ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ဆေးရုံဝင်းအတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင်ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။



မွန်ပြည်နယ် ချောင်းဆုံမြို့၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်။



စစ်တွေမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# လုပ်အားပြဖို့လိုပြီ

ခင်သန်းမြင့်

ကိုရီးယား K-Drama လှိုင်းတွေရဲ့ရိုက်ခတ်မှုက ဆယ်စုနှစ် နှစ်စုမက ကြာခဲ့ပြီ။ မြန်မာအပါအဝင် အာရှနိုင်ငံအတော်များများက ယနေ့တိုင် နှစ်သက်စွဲလမ်းကြဆဲပါ။ ကျွန်မလည်း ကြိုက်တယ်။ အားတဲ့အချိန်တိုင်း ကြည့်ဖြစ်တယ်။ K-Drama Lover တွေတော့ သတိပြုမိကြရဲ့ လားမသိဘူး။ ကျွန်မကတော့ ကိုရီးယားဇာတ်လမ်းတွဲတွေ ကြည့်တိုင်း "နှာခေါင်းသွေးထွက်အောင် အလုပ်လုပ်ကြမယ်၊ အလုပ်လုပ်ရမယ်"ဆိုတဲ့ စကားနဲ့ ကိုရီးယားလူကြီး လူငယ်မရွေး အလုပ်ကြိုးစားတဲ့ ဇာတ်ဝင်ခန်းတွေ အမြဲလိုလို ပါလေ့ရှိတာကို သတိပြုမိတယ်။ ဆိုဂျူးတို့၊ ကင်ချီတို့၊ ပဲခေါက်ဆွဲတို့က ကိုရီးယားယဉ်ကျေးမှုရဲ့ အမှတ်တံဆိပ်ရှိရာ အစားအစာတွေဖြစ်တယ်လို့ဆိုရင် အလုပ်ကြိုးစားမှုကလည်း ကိုရီးယားတို့ရဲ့စရိုက်လက္ခဏာလို့ပဲဆိုရမှာဖြစ်ပါတယ်။

## ကိုရီးယား လူမျိုးတို့ရဲ့ စိတ်ဓာတ်နဲ့ ကြိုးစားမှု

အမှန်တကယ်လည်း ကိုရီးယားသမ္မတနိုင်ငံရဲ့ လက်ရှိဖွံ့ဖြိုးတိုးတက်မှုဟာ ပဒေသာပင်မြေက သူ့အလိုလို ပေါက်လာခဲ့တာမဟုတ်ပါဘူး။ ကိုရီးယားလူမျိုးတို့ရဲ့ စိတ်ဓာတ်နဲ့ ကြိုးစားမှုကြောင့်ပါ။

ကိုရီးယားသမ္မတနိုင်ငံလို့ခေါ်တဲ့ တောင်ကိုရီးယားနိုင်ငံဟာ ကိုရီးယားကျွန်းဆွယ်ရဲ့ တောင်ဘက်စွန်းမှာ တည်ရှိပါတယ်။ တောင်နဲ့ မြောက် မိုင် ၃၀၀ ရှည်လျားပြီး အရှေ့နဲ့အနောက် ၁၈၅ မိုင်ကျယ်ဝန်းကာ မြေအကျယ်အဝန်း စတုရန်းမိုင် ၃၈၀၀၀ ကျယ်ဝန်းပါတယ်။ ပင်လယ်ကမ်းရိုးတန်း စုစုပေါင်း အရှည် ၈၁၉ မိုင်ရှိပြီး တောတောင် ထူထပ်ပေါ်များပါတယ်။

အနောက်ဘက်မှာ တရုတ်နိုင်ငံ၊ အရှေ့ဘက်မှာ ဂျပန်နိုင်ငံ၊ မြောက်ပိုင်းမှာ မြောက်ကိုရီးယားလို့ခေါ်တဲ့ ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံတို့ တည်ရှိပါတယ်။ တရုတ်နိုင်ငံ ပေကျင်းမြို့နဲ့ မိုင် ၅၀၀ ခန့် ကွာဝေးပြီး ဂျပန်နိုင်ငံနဲ့ မိုင် ၁၅၀ သာ ကွာဝေးပါတယ်။ တောင်ကိုရီးယား တစ်နိုင်ငံလုံးရဲ့ ၈၀ ရာခိုင်နှုန်းကို တောင်ကုန်း၊ တောင်တန်းများက ဖုံးလွှမ်းနေပြီး သဘာဝသယံဇာတ အရင်းအမြစ်များ နည်းပါးတဲ့အပြင် စိုက်ပျိုးနိုင်တဲ့မြေအကျယ်အဝန်းကလည်း ၂၀ ရာခိုင်နှုန်းသာရှိပါတယ်။ ပထဝီ အနေအထားအရ စိုက်ပျိုးရေးနဲ့ ကုန်သွယ်ရေးလုပ်ဖို့ ခက်ခဲတဲ့အတွက် ကိုရီးယားလူမျိုးများအဖို့ အသက်ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အစဉ်အမြဲ ရုန်းကန် လှုပ်ရှားခဲ့ရပါတယ်။

ဒါ့အပြင် အိမ်နီးချင်းနိုင်ငံများရဲ့ ကျူးကျော်ရန်စမှုကိုလည်း ရာစုနှစ်ပေါင်းများစွာ ခံခဲ့ရတဲ့အပြင် အိမ်နီးချင်း ဂျပန်နိုင်ငံရဲ့နှစ်ပေါင်းလေးဆယ်နီးပါး ကိုလိုနီနိုင်ငံအဖြစ် ရက်ရက်စက်စက် ကျွန်ပြုခြင်းကို ခံခဲ့ရပါတယ်။ ဒီကြားထဲက ကိုရီးယားလူမျိုးတွေဟာ မိမိရဲ့ကိုယ်ပိုင်ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံ၊ ကိုယ်ပိုင်ဟန်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်ခဲ့တာ အင်မတန်မှ ချီးကျူးစရာကောင်းပါတယ်။

၁၉၅၀-၁၉၅၃ ခုနှစ် တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံစစ်ပွဲကြီးမှာတော့ တိုင်းပြည်ဟာ ထောင်းလမောင်းကြေကျန်ခဲ့ရပါတယ်။ ကိုရီးယားစစ်ပွဲကြီးကြောင့် ခန့်မှန်းခြေ အရပ်သား နှစ်သန်းကျော်သေခဲ့ရပြီး သိန်းပေါင်းများစွာသော ပြည်သူပြည်သားများ ထိခိုက်ဒဏ်ရာရခဲ့ကြတယ်။ စစ်ကာလအတွင်းမှာ မိသားစုတွေ ကစဉ့်ကလျား တကွဲတပြားဖြစ်ကုန်ကြတယ်။ စစ်ပွဲရပ်ဆိုင်းဖို့ သဘောတူလက်မှတ်ထိုးပြီးတဲ့အခါမှာတော့ ကိုရီးယားကျွန်းဆွယ်ဟာ နှစ်ပိုင်းကွဲသွားပြီး ပြည်သူအတော်များများဟာ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနဲ့ ကွဲကွာသွားခဲ့ကြရတာ ယနေ့တိုင်ပါပဲ။ တိုင်းပြည်ရဲ့ အခြေအနေဟာလည်း

❖ ကိုရီးယားနိုင်ငံသားတွေဟာ အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုတွေကို ဒူးမထောက်၊ လက်မမြှောက် ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပိုမိုသာယာဝပြောသော ဘဝတစ်ခုမှာ နေထိုင်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ကြရပါတယ်။ မိသားစုအတွက်၊ တိုင်းပြည်အတွက် အနစ်နာခံပေးဆပ်ခဲ့ကြတယ်။ ထောင်ပေါင်းများစွာသော ကိုရီးယားနိုင်ငံသားတွေဟာ နိုင်ငံရပ်ခြားမှာ သတ္တုတွင်းအလုပ်သမားများ၊ ဆောက်လုပ်ရေးအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ခဲ့ကြရသလို ထောင်ပေါင်းများစွာသော အမျိုးသမီးတွေဟာလည်း သူနာပြုဆရာမများအဖြစ် သွားရောက် အမှုထမ်းခဲ့ကြရတယ်

အလုပ်အကိုင်မရှိ၊ စားစရာကလည်း နတ္ထိနဲ့ တော်မှတ်ခေါင်းပါးမှုနဲ့ ကြုံတွေ့ခဲ့ကြရပြန်တယ်။

## ပိုမိုသာယာဝပြောသော ဘဝတစ်ခုမှာ

ထိုစဉ်ကာလမှာ ကိုရီးယားနိုင်ငံသားတွေဟာ အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုတွေကို ဒူးမထောက်၊ လက်မမြှောက် ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပိုမိုသာယာဝပြောသော ဘဝတစ်ခုမှာ နေထိုင်ရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ကြရပါတယ်။ မိသားစုအတွက်၊ တိုင်းပြည်အတွက် အနစ်နာခံပေးဆပ်ခဲ့ကြတယ်။ ထောင်ပေါင်းများစွာသော ကိုရီးယားနိုင်ငံသားတွေဟာ နိုင်ငံရပ်ခြားမှာ သတ္တုတွင်းအလုပ်သမားများ၊ ဆောက်လုပ်ရေးအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ခဲ့ကြရသလို ထောင်ပေါင်းများစွာသော အမျိုးသမီးတွေဟာလည်း သူနာပြုဆရာမများအဖြစ် သွားရောက်အမှုထမ်းခဲ့ကြရတယ်။ ကိုရီးယားနိုင်ငံဟာ သူတို့ပြန်ပို့တဲ့ငွေများကြောင့် ဒေါ်လီခံရမယ့်ဘေးက လွတ်ကင်းခဲ့ရသလို သူတို့မိသားစုဝင်များဟာလည်း ထမင်းဝပြီး စားဖြောင့်ဖြောင့်သင်နိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်။

လက်ရှိမှာတော့ ကိုရီးယားသမ္မတနိုင်ငံဟာ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ပါပြီ။ ဆဲလ်ဖုန်းများ၊ ကွန်ပျူတာသုံး တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ရေယာဉ်ကြီးများ၊ မိမိမော်တော်ကားများကို ထုတ်လုပ်နိုင်ခဲ့ပါပြီ။ ထူးချွန်တဲ့ အားကစားသမားများ၊ အနုပညာရှင်များ၊ ဂီတပညာရှင်များ၊ သိပ္ပံပညာရှင်များစွာဟာလည်း ကမ္ဘာတစ်လွှားမှာ ထင်ရှားကျော်ကြားလာခဲ့ကြပါပြီ။

တစ်ချိန်က အိမ်နီးချင်း ဂျပန်နိုင်ငံရဲ့နှစ်ပေါင်းလေးဆယ်နီးပါး ကိုလိုနီနိုင်ငံအဖြစ် ရက်ရက်စက်စက် ကျွန်ပြုခံခဲ့ရတဲ့အပြင် စစ်ဘေးစစ်ဒဏ်ကြောင့် ကုန်ကောက်စရာမကျန်အောင် ဖျက်ဆီးခြင်းခံခဲ့ရတဲ့ နိုင်ငံငယ်လေး၊ ၁၉၆၀ ပြည့်နှစ် ကာလအထိ တစ်မျိုးသားလုံး ထုတ်ကုန်တန်ဖိုးက တစ်နှစ်မှ အမေရိကန်ဒေါ်လာ ၈၀ မျှသာရှိခဲ့ပြီး ကမ္ဘာ့အဆင်းရဲဆုံး ဂါနာ၊ ဆူဒန်နိုင်ငံတို့နဲ့ တန်းတူသာသာရှိခဲ့တဲ့ နိုင်ငံလေး၊ လျှပ်စစ်နဲ့ရေပိုက်စနစ်ကကြေးရတတ် လူတန်းစားတို့ရဲ့ ဇိမ်ခံပစ္စည်းသာဖြစ်ခဲ့ပြီး အထက်တန်းလွှာလောက်သာ ကိုယ်ပိုင်ကားစီးနိုင်ခဲ့တဲ့ ကိုရီးယားသမ္မတနိုင်ငံဟာ ယနေ့ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ဘယ်လိုပေါ်ထွန်း ဖြစ်တည်လာခဲ့သလဲ၊ အချိန်တိုအတွင်း ထိပ်တန်းနိုင်ငံကြီးတစ်နိုင်ငံအဖြစ်ကို ဘယ်လိုတက်လှမ်းနိုင်ခဲ့ပါသလဲ။

## အနိုင်မခံ အရှုံးမပေးသော ကြိုးပမ်းမှုများ

ဟွန်ဒိုင်းကုမ္ပဏီရဲ့ဥက္ကဋ္ဌကြီး ချွန်ဂျူးယွန်က တော့ "ကျွန်တော်တို့ အောင်မြင်မှုများ ရရှိခဲ့ကြခြင်းမှာ ကျွန်တော်တို့ပြည်သူများ၏ အလုပ်ကြိုးစားလိုသောစိတ်ဓာတ် အခြေခံများနှင့် လုံ့လဝီရိယစိုက်ထုတ်ခဲ့ကြသောကြောင့်သာ ဖြစ်ပါသည်။ သူတို့သည် သူတို့၏စိတ်ဓာတ်စွမ်းပကားများကို စိုက်ထုတ်ပြီး အလုပ်လုပ်ခဲ့ကြပါသည်။ ပြင်းပြသော ယုံကြည်မှုများက သူတို့၏ အနိုင်မခံ အရှုံးမပေးသော ကြိုးပမ်းမှုများကို ဖန်တီးပေးခဲ့ကြပါသည်။ ဤသည်မှာ ထူးခြားဆန်းပြားမှုဟူသမျှကို နိုင်နင်းစေသော သော့ချက် တစ်ခုသာဖြစ်ပါသည်။ လူသားတိုင်းတွင် တိုင်းတာ၍မရနိုင်သော စွမ်းပကားများကို ပိုင်ဆိုင်ကြပါသည်"လို့ ဆိုခဲ့ပါတယ်။

အသက် ၃၅ နှစ်အရွယ်မှာပဲ ဟွန်ဒိုင်းကုမ္ပဏီရဲ့ အမှုဆောင်အရာရှိချုပ် (CEO) ဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ ကိုရီးယားသမ္မတနိုင်ငံသမ္မတအဖြစ် တက်လှမ်းနိုင်ခဲ့သူ သမ္မတအီးမြောင်ဘတ်ကလည်း ငယ်စဉ်ဘဝကတည်းက အလုပ်နဲ့လက်ပြတ်တဲ့ အချိန်ရယ်လို့ မရှိခဲ့ဘဲ အလုပ်ဟာ သူ့ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲလို့ ဖွင့်ဟဝန်ခံခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ "ထိုခေတ်ထိုကာလက ကျွန်တော်တို့ အသည်းအသန် လိုလားတောင့်တသည်မှာ ပိုမိုသာယာဝပြောသော ဘဝတစ်ခုတွင် နေထိုင်ရှင်သန်ဖို့နှင့် ထိုဘဝမျိုးရအောင် အသည်းအသန်ကြိုးစားရေးသာ ဖြစ်၏။ အဆိုပါပြင်းပြသော ဆန္ဒနှင့် ဖွဲ့မာန်များကြောင့်ပင်လျှင် လူအများက မဖြစ်နိုင်ဟုထင်ထားသည့် အရာများကို ကျွန်တော်တို့ စွမ်းဆောင်နိုင်ခြင်းဖြစ်ပါသည်"လို့လည်း ဆိုပါတယ်။

သမ္မတ ပတ်ချွန်ဟီးကလည်း ထိုခေတ်ထိုကာလမှာ နိုင်ငံတစ်ဝန်းလုံး နိုးကြားတက်ကြွလာစေရေးအတွက် ကြွေးကြော်သံအမျိုးမျိုး၊ အထိမ်းအမှတ်နေ့အမျိုးမျိုးကို သတ်မှတ်ပေးခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်ကို အလုပ်ကြိုးစားမှုနှစ်အဖြစ် သတ်မှတ်ခဲ့သလို "တိုက်ခိုက်ရင်း အလုပ်လုပ်၊ အလုပ်လုပ်ရင်းတိုက်ခိုက်" ဆိုတဲ့ ဆောင်ပုဒ်ကိုလည်း ကြွေးကြော်သံအဖြစ် ကျင့်သုံးခဲ့ပါတယ်။

ကိုရီးယားနိုင်ငံရဲ့ ထိပ်တန်းရောက် ကုမ္ပဏီကြီးတိုင်းလိုလိုမှာလည်း ဆယ့်ဖွန်းခေါ် ကြွေးကြော်သံများ ကိုယ်စီရှိကြပါတယ်။ အယ်လ်ဂျီကုမ္ပဏီက "ညီညွတ်ရေး"၊ ဒေဝူးက "တီထွင်ဖန်တီးရေး၊ စိန်ခေါ်ရေးနှင့် စွန့်လွှတ်အနစ်နာခံရေး"၊ ဆမ်ဆောင်းက "လူတစ်ဦးချင်းကို လေးစားရေး၊ တီထွင်ကြံဆရေးနှင့် တာဝန်ယူလုပ်ကိုင်တတ်ရေး"စတဲ့ ကြွေးကြော်သံဆောင်ပုဒ်ကိုယ်စီကိုင်စွဲထားကြပါတယ်။

ဟွန်ဒိုင်းကုမ္ပဏီကတော့ "တီထွင်ဖန်တီးသည့်ဉာဏ်ပညာ၊ ခိုင်မာသော စိတ်ဓာတ်၊ အနိုင်မခံ အရှုံးမပေးသော မောင်းနှင်အား"ဆိုတဲ့ ကြွေးကြော်သံဆောင်ပုဒ်ကို ဟွန်ဒိုင်းစိတ်ဓာတ် သုံးရပ်အဖြစ် ကိုင်စွဲခဲ့ပါတယ်။ ဟွန်ဒိုင်းကုမ္ပဏီရဲ့ အကြီးတန်းအမှုဆောင် လူကြီးတစ်ဦးရဲ့ "ကျွန်တော်ဟာ တစ်နေ့ကို ၁၆ နာရီ၊ တစ်ပတ်ကို ခုနစ်ရက်နှုန်းနဲ့ ၁၆ နှစ်လုံး အလုပ်လုပ်ခဲ့ပါတယ်။ အားလပ်ရက်ဆိုလို့ တစ်ရက်မျှမရှိခဲ့ပါဘူး။ ကျွန်တော်တို့ မပူပါဘူး။ ဥက္ကဋ္ဌကြီးကလည်း အလုပ်လုပ်ကြဖို့ပဲ တောင်းဆိုပါတယ်။ ကျွန်တော်တို့အားလုံး သူ့ကိုကြည်ညိုလေးစားကြပါတယ်။ သူဟာ ကျွန်တော်တို့ရဲ့ဆရာကောင်းပါ"ဆိုတဲ့ ဖွင့်ဟဝန်ခံချက်ကလည်း ဟွန်ဒိုင်းစိတ်ဓာတ်ကို ထင်ဟပ်ပေါ်လွင်စေပါတယ်။

## နာရီနဲ့အမျှ အလုပ်လုပ်နေကြ

လက်ရှိကာလမှာလည်း ကိုရီးယားနိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာရင်ပဲဖြစ်ဖြစ်၊ ကိုရီးယားဇာတ်လမ်းတွဲတွေမှာပဲဖြစ်ဖြစ် ကုမ္ပဏီကြီးများ၊ ကုန်တိုက်ကြီးများ၊ စူပါမားကတ်ကြီးများမှအစ လမ်းဘေးခေါင်းရွက်ဗျပ်ထိုး ဈေးသည်များအဆုံး ညဉ့်နက်သန်းခေါင်အထိ လုပ်ကြကိုင်ကြ၊ ရောင်းကြဝယ်ကြနဲ့ နာရီနဲ့အမျှ အလုပ်လုပ်နေကြတာ၊ အလုပ်ရှုပ်နေကြတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ဟွန်ဒိုင်းကုမ္ပဏီဥက္ကဋ္ဌကြီး ချွန်ဂျူးယွန်ရဲ့ "ကျွန်တော်တို့တစ်တွေသာ အလုပ်ကို အမြဲတမ်း ကြိုးကြိုးစားစား လုပ်မနေကြဘူးဆိုရင် အခွင့်ကောင်း အခါကောင်းတွေ ရောက်လာတဲ့တိုင်အောင် လက်လွတ်ဆုံးရှုံးသွားခဲ့ကြမှာ သေချာတယ်။ ကျွန်တော်တို့ ကံကောင်းတယ်လို့ ဆိုရပါလိမ့်မယ်။ ကျွန်တော်တို့ အမှန်တကယ်ပဲ အလုပ်ကြိုးစားခဲ့ကြပါတယ်"ဆိုတဲ့ ဖွင့်ဟပြောကြားချက်ကလည်း တစ်ချိန်က ကျွန်မတို့ရဲ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားခဲ့တဲ့ "ပဒေသာပင်မြေက ပေါက်မလာနိုင်ဘူး။ ကျွန်တော်တို့အလုပ်လုပ်မှ ပေါက်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ ကျွန်တော်တို့မှာ သူညာကစပြီး အကုန်လုံး ပြန်ပြီး အုတ်မြစ်ချပြီး အလုပ်လုပ်ရမှာဖြစ်တော့ တခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျုပ်တို့က ခြေလှမ်း လေးငါးဆယ်လှမ်း လှမ်းမှ နောင် ၁၀ နှစ်၊ ၁၅ နှစ်လောက်ကြာလို့ရှိရင် တန်းတူ ညီတူ ဖြစ်နိုင်မယ်"စတဲ့ မှာကြားချက်ကို ပြန်ပြောင်းအမှတ်ရစေပါတယ်။

ဒါကြောင့်မို့ မြန်မာလူငယ်မောင်မယ်တွေ အပါအဝင် မြန်မာနိုင်ငံသားတွေအနေနဲ့လည်း ကိုရီးယားဇာတ်လမ်းတွဲများမှတစ်ဆင့် အကျိုးရှိရာ အကျိုးရှိကြောင်း ကောင်းနိုးရာရာကိုရယူရုံမက ကိုရီးယားနိုင်ငံရဲ့အတိတ်သမိုင်းနဲ့လက်ရှိဖြစ်တည်မှု အခြေအနေများကိုလည်း လေ့လာဆင်ခြင်၊ သင်ခန်းစာရယူပြီး ကိုယ့်မိသားစု၊ ကိုယ့်လူ့အဖွဲ့အစည်း၊ ကိုယ့်နိုင်ငံ ကြီးပွားချမ်းသာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တလွဲဆံပင်ကောင်းမနေကြဘဲ လုပ်အားပြဖို့ အချိန်တန်ပါပြီ။ ။

❝ လက်ရှိကာလမှာလည်း ကိုရီးယားနိုင်ငံကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာရင်ပဲဖြစ်ဖြစ်၊ ကိုရီးယားဇာတ်လမ်းတွဲတွေမှာပဲဖြစ်ဖြစ် ကုမ္ပဏီကြီးများ၊ ကုန်တိုက်ကြီးများ၊ စူပါမားကတ်ကြီးများမှအစ လမ်းဘေးခေါင်းရွက်ဗျပ်ထိုး ဈေးသည်များအဆုံး ညဉ့်နက်သန်းခေါင်အထိ လုပ်ကြကိုင်ကြ၊ ရောင်းကြဝယ်ကြနဲ့ နာရီနဲ့အမျှ အလုပ်လုပ်နေကြတာ၊ အလုပ်ရှုပ်နေကြတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်❞

ကိုးကား -
ရဲမြလွင်၏ "ကိုရီးယားတွင် လုပ်သည် သို့မဟုတ် ဟွန်ဒိုင်း၏ ချွန်ဂျူးယွန်"

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဆုရရှိသူများအားဂုဏ်ပြု

**မော်လမြိုင် နိုဝင်ဘာ ၁၁**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲနှင့် မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုများရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း။ အလွန်နက်နဲ သိမ်မွေ့ပြီး အဆင့်အတန်းမြင့်မားလှသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်အတူ မျိုးဆက်သစ်အနုပညာရှင်လူငယ်မောင်မယ်များအနေဖြင့် ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားတန်ဖိုးထားကာ အနုပညာစွမ်းပကားဖြင့် မွန်ပြည်နယ်၏ဂုဏ်ကို ဒီထက်မက စွမ်းဆောင်မြှင့်တင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက ဆုရရှိသူတစ်ဦးချင်းနှင့် အဖွဲ့လိုက်ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲနှင့် မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲတွင် ပြည်နယ်ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများရရှိခဲ့သည့် ပြိုင်ပွဲဝင်အနုပညာရှင်များအား ထပ်ဆင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က NCA (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် သွားရောက်ဖျော်ဖြေခဲ့သော မွန်ယဉ်ကျေးမှုအဖွဲ့အား နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ပြုငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် မင်းသားကြီး ဦးနန်းဝင်းအား ပြည်နယ်မှ ထပ်ဆင့်ဂုဏ်ပြု ရွှေတံဆိပ်ကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဦးနန်းဝင်းက မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲတွင် အဖွဲ့လိုက် ပထမဆုရရှိသော ဆုတံဆိပ်အား ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။



(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဘာသာရပ်များအလိုက် ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ် ခုနစ်ခု၊ နှစ်သိမ့်ဆုငါးခု၊ အထူးဆုတစ်ခု စုစုပေါင်း ၃၂ ခု ရရှိခဲ့ပြီး မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုများနှင့် မွန်တိုင်းသားရင်းသားရိုးရာယိမ်းအဖွဲ့လိုက်၊ ရှမ်းရိုးရာအကပြိုင်ပွဲများတွင် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည်။

**သက်နိုင် (မော်လမြိုင်)**



ပွင့်လင်းရာသီ ရောက်ရှိလာပြီ ဖြစ်သည့်အတွက် ချောင်းဆုံမြို့နယ်တွင် မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေး မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးတင်လင်းဦးနှင့် တပ်ဖွဲ့ဝင်များမှ မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးငြိမ်းသတ်နည်းတို့ကို မြို့မ(၂) ဈေးသူ ဈေးသားများအား နိုဝင်ဘာ ၁၀ ရက်က လက်တွေ့သရုပ်ပြသစဉ်။

မြို့နယ်(ပြန်/ဆက်)

## ဆိပ်ဖြူမြို့နယ်တွင် ဆောင်းသီးနှံကြက်သွန်နီ စိုက်ဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုး

**ဆိပ်ဖြူ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၃ ခုနှစ် ဆောင်းသီးနှံကြက်သွန်နီကို စိုက်ဧက ၆၀၄၃ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ဆိပ်ဖြူမြို့နယ်သည် ကြက်သွန်နီကို အဓိကထား စိုက်ပျိုးထုတ်လုပ်ထွက်ရှိရာဒေသတစ်ခုဖြစ်ပြီး ပြည်တွင်းဈေးကွက်နှင့် နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိသည်။ လက်ရှိအချိန်တွင် ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်စိုက်ဧက ၂၈၄၉ ဧက စိုက်ပျိုးဆောင်ရွက်ပြီးဖြစ်သည်။ လက်ရှိကာလကြက်သွန်နီစိုက်ပျိုးရာတွင် တစ်ဧကလျှင် ကြက်သွန်မျိုးဝယ်ယူခြင်း၊ မြေပြင်စိုက်ပျိုးစရိတ်နှင့် မြေသြဇာစရိတ်များအပါဝင် ငွေကျပ်သိန်း ၃၀ မှ ၃၅ သိန်းဝန်းကျင်ခန့် ကုန်ကျကြောင်း၊ ကြက်သွန်နီမျိုးဈေးနှုန်းမှာ ယခင်နှစ်ထက်ချိုသာခဲ့ပြီး လက်ရှိ မျိုးစေ့တစ်ပြည်လျှင် ကျပ်တစ်သိန်း၊ ဖော်မွှားမျိုး ကုန်ချိန် ၁၀၀လျှင် ကျပ်သုံးသိန်းဝန်းကျင်ခန့်၊ ဥသေးကုန်ချိန် ၁၀၀ လျှင် ကျပ်နှစ်သိန်းခွဲဝန်းကျင်ရှိကာ ကွန်ပေါင်းမြေသြဇာတစ်အိတ်လျှင် အနိမ့်ဆုံးဈေး ကျပ် ၅၅၀၀၀ မှ အမြင့်ဆုံး ၁၅၆၀၀၀ အထိရှိကြောင်း ဒေသခံတောင်သူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ သိရသည်။



**ကိုစွဲ(အညာမြေ)**

## ၂၀၂၃ ခုနှစ် နိုဝင်ဘာလ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

### ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၉ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၉ ရာခိုင်နှုန်းမှ ၈၉ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၂၀ မီလီမီတာ)မှ (၃၀ မီလီမီတာ)အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃၁ မီလီမီတာ)မှ (၄၀ မီလီမီတာ) အတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (စိုစွတ်) အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင်(ခြောက်သွေ့) အခြေအနေအသီးသီး ရှိနိုင်ပါသည်။

**မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက်စားသောက်ဖွယ်ရာများပေးပို့ရန် ပြင်ဆင်ဆောင်ရွက်နေမှုများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ပုသိမ် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးပို့ရန် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးသည်။ (ယာပုံ)

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်သည် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ စုပေါင်း၍ ငါးနီတူခြောက်ကြော်၊ ငါးပိကြော်နှင့် ငံပြာရည်ကြော် စုစုပေါင်း ၁၂၄၂ ပိသာအား မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌော မဟာစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဂေါပအဖွဲ့ဝင်များက ဘုရားဖူး ဧည့်သည်များ လာရောက်ဖူးမြော်ကြည်ညိုနေမှုများ၊ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးနှင့် အရံ စေတီတော်များအား ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရန် ဆောင်ရွက်နေမှုအခြေအနေများ၊ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲအတွက် ရက်ကန်းစင်တော်ကြီးများ ပြင်ဆင်ဆောင်ရွက်ထားမှုများကို လိုက်လံရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအား အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး ဆောင်ရွက်ကြရန်နှင့် သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

## ပြည်သူများ၏ ရေရှည်အကျိုးစီးပွားအတွက် နည်းပညာဆိုင်ရာ သုတေသနများ ဖွံ့ဖြိုးရေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဦးစီးဌာနများရှိ သုတေသနများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ Hybrid စနစ်ဖြင့် ပြုလုပ်ရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်အမှာစကားပြောကြားရာတွင် နိုင်ငံ့အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို လက်တွေ့ကျကျ အထောက်အကူပြုနိုင်မည့် သုတေသနလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြရန်၊ ပြည်သူများ၏ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မည့် သုတေသနလုပ်ငန်းများကို မိမိတို့ရှိ ဦးစီးဌာနများအပြင် ဆက်စပ်ဌာန/ တက္ကသိုလ်/ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ပါ ချိတ်ဆက်၍ နိုင်ငံ့အကျိုးအတွက် သတ်မှတ်စံနှုန်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်၊ ဌာနမှချမှတ်ပြီး သိပ္ပံနှင့်နည်းပညာ မဟာဗျူဟာစီမံကိန်းဆိုင်ရာ ရည်မှန်းချက်တာဝန်များပြည့်မီစေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဆက်စပ်ဌာနများ/အထူးစီးပွားရေးဇုန်များ/ MSMEs များ/ စက်မှုဇုန်များရှိ လုပ်ငန်းခွင်များ၌ တွေ့ကြုံနေရသည့် စိန်ခေါ်မှုပြဿနာများကို ကျော်လွှားဖြေရှင်းပေးနိုင်စေမည့်အပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းထွက်/ ဒေသထွက် တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများတွင် အဆင့်မြင့်နည်းပညာများကို အကျိုးရှိရှိအသုံးချနိုင်စေမည့် သုတေသနများကို ထိရောက်ပီပြင်စွာ ဆောင်ရွက်၍ သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ၏ လက်ဝယ်အရောက် ဖြန့်ဝေဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။



ထို့နောက် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနနှင့် နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် အခြားနည်းပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် အခြားကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ အစိုးရနည်းပညာကောလိပ်/ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ သုတေသနဌာနတို့မှ သုတေသနပညာရှင်များက သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ နည်းပညာလွှဲပြောင်းပေးခဲ့မှုများနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂါဇာ၌ မည်သူတစ်ဦးတစ်ယောက်မျှ လုံခြုံမှုမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ပြောကြား

နယူးယောက် နိုဝင်ဘာ ၁၁

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့အက်ဒဟာနွန် ဂီဘရီယက်ဆုစ်က ကျန်းမာရေးစနစ် ပြိုလဲလုနီးပါးဖြစ်နေသည့် ဂါဇာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မလုံခြုံကြောင်း နိုဝင်ဘာ ၁၀ ရက်က ပြုလုပ်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးတွင် ပြောကြားသည်။**

မေ့ဆေးမပါသည့် ခွဲစိတ်ကုသမှုများ လုပ်ဆောင်နေရသည့် ဆေးရုံများ၌ ၁၀ မိနစ်တိုင်းတွင် ကလေးတစ်ဦး သေဆုံးနေသည်အထိ မြေပြင်အခြေအနေကို ဆိုးဆိုးရွားရွား ရင်ဆိုင်နေရကြောင်း၊ လူပေါင်း ၂ ဒသမ ၃ သန်း၏ ကျန်းမာရေးလိုအပ်ချက်များကို စီမံခန့်ခွဲရန် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများလည်း ရုန်းကန်နေရကြောင်း ၎င်းက ပြောကြားသည်။

အကောင်းဆုံးနည်းလမ်းမှာ ကျန်းမာရေးဝန်ထမ်းများအတွက် လူ့အသက်များကို ကယ်တင်ရန် လိုအပ်သည့်အရာများကို ပံ့ပိုးပေးခြင်းဖြစ်ကြောင်း၊ အကူအညီ ၆၃ တန်ခန့်ကို ပေးပို့ထားပြီးဖြစ်သော်လည်း ပဋိပက္ခနှင့် မသက်ဆိုင်သည့် အရပ်သားများထံ ရောက်ရှိရေးအတွက် လွတ်လွတ်လပ်လပ် သွားလာခွင့်ရရှိရန် လိုအပ်ကြောင်း တက်ဒရော့ က ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေအောက်တွင် နှစ်ဖက်စလုံးမှ ၎င်းတို့၏ တာဝန်ဝတ္တရားများကို လေးစားလိုက်နာရန် အလေးအနက်တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်က ဂါဇာကမ်းမြောင်ဒေသ အခြေအနေနှင့်ပတ်သက်ပြီး လုံခြုံရေးကောင်စီအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။



# ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို စဉ်ဆက်မပြတ် မြှင့်တင်သွားမည်ဟု ဝန်ကြီးချုပ် ကီရှီဒါ ကတိပြုပြောကြား

**တိုကျို နိုဝင်ဘာ ၁၁**

ပိုမိုပြင်းထန်သော လုံခြုံရေးပတ်ဝန်းကျင်အခြေအနေကြောင့် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို စဉ်ဆက်မပြတ် မြှင့်တင်သွားမည်ဟု ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ က ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဝန်ကြီးချုပ် ကီရှီဒါသည် နိုဝင်ဘာ ၁၁ ရက်တွင် တိုကျိုမြို့ မြောက်ဘက် ဆိုင်းတမစီရင်စုရှိ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ အီရုမာလေတပ်အခြေစိုက် စခန်းတွင် ပြုလုပ်သည့်အခမ်းအနား၌ အမှာထမ်း ၈၀၀ ခန့်ကို မိန့်ခွန်းပြောကြားသည်။

ဂျပန်နိုင်ငံသည် လက်ရှိတွင် ဒုတိယကမ္ဘာစစ်အပြီးနောက်ပိုင်း အပြင်းထန်ဆုံးနှင့် အရှုပ်ထွေးဆုံးသော လုံခြုံရေးပတ်ဝန်းကျင်ကို ရင်ဆိုင်နေရကြောင်း ကီရှီဒါက ပြောကြားသည်။ ဝန်ကြီးချုပ်က လုံခြုံရေးအတွက် လိုအပ်သော ဘတ်ဂျက်များအသုံးပြုပြီး ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို သိသိသာသာ မြှင့်တင်သွားမည်ဟု ကတိပြုခဲ့သည်။ အစိုးရအနေဖြင့် တန်ပြန်တိုက်ခိုက်မှုစွမ်းရည်များ ပိုင်ဆိုင်ရန်အတွက် အရန်ဒုံးကျည်များကိုလည်း ဖြည့်တင်းသွားမည်ဖြစ်ကြောင်း၊ ဂျပန်၊ ဗြိတိန်နှင့် အီတလီတို့ပူးပေါင်း၍ တိုက်လေယာဉ်အသစ် တီထွင်နေပြီး သုံးနိုင်ငံနည်းပညာများကို မျှဝေခြင်းဖြင့် ခေတ်မီဂျက်လေယာဉ်များ တီထွင်နိုင်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အီသီယိုးပီးယား၌ ကျောင်းပြင်ပရောက်ကလေး ၇ ဒသမ ၆ သန်းရှိ

**အဒစ္စအဘာဘာ နိုဝင်ဘာ ၁၁**

အီသီယိုးပီးယားနိုင်ငံသည် သဘာဝဘေးအန္တရာယ်များနှင့် လူသားတို့ကြောင့်ဖြစ်ပွားသည့် ပဋိပက္ခများကြောင့် စာသင်ကျောင်းပြင်ပရောက် ကလေးငယ် ၇ ဒသမ ၆ သန်းရှိသည်ဟု ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က နိုဝင်ဘာ ၁၁ ရက်တွင် ပြောသည်။

အီသီယိုးပီးယားနိုင်ငံ၌ ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် ကလေးများ ပညာသင်ကြားခွင့် မရဘဲဖြစ်စေသည်ဟု နိုင်ငံအတွင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ အစီရင်ခံစာအရ သိရသည်။

အမ်ဟာရာနှင့် အိုရိုမီရာတို့တွင် ဖြစ်ပွားနေသည့်ပဋိပက္ခများကြောင့် ကလေးငယ်များ ကျောင်းထွက်ရမှုနှုန်း မြင့်မားလျက်ရှိသည်။ အီသီယိုးပီးယား နိုင်ငံတစ်လွှား ကျောင်းထွက်ရသည့် ကလေးပေါင်း ၇ ဒသမ ၆ သန်းရှိလာသည်ဟု အစီရင်ခံစာအရ သိရသည်။

ပဋိပက္ခဖြစ်ပွားနေသည့် ဒေသမှ စာသင်ကျောင်းပေါင်း ၂၈ ကျောင်းမှာ ပျက်စီးခဲ့ရသည်ဟု အမ်ဟာရာဒေသ ပညာရေးဗျူရို၏ ဖော်ပြချက်အရ သိရသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးမှုတို့ကြောင့် စာသင်ကျောင်းပေါင်း ၂၅၄ ကျောင်း ပျက်စီးခဲ့ရပြီး ကလေးပေါင်း ၈၂၆၀၀ ထိခိုက်ခံစားခဲ့ရသည်။

အီသီယိုးပီးယားနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ လိုအပ်နေချိန် ရန်ပုံငွေနည်းပါးမှုများနှင့် ကြုံတွေ့လာရသည်ဟု ယူနီဆက်ဖ်က သတိပေးခဲ့သည်။ **ဆင်ဟွာ**



# အင်ဂိုလာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ဖွင့်လှစ်

**လူအန်ဒါ နိုဝင်ဘာ ၁၁**

အင်ဂိုလာနိုင်ငံ၌ ဒေါက်တာ အန်တိုနီယို အဂို့စ်တင်ဟို နက်တို အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကို နိုဝင်ဘာ ၁၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး လေဆိပ်၏ ကုန်တင်ကုန်ချ လုပ်ငန်းများကို စတင်လိုက်ပြီဖြစ်သည်။

တရုတ်အမျိုးသားလေကြောင်း နည်းပညာဆိုင်ရာ နိုင်ငံတကာ အင်ဂျင်နီယာ ကော်ပိုရေးရှင်း အပါအဝင် စီမံကိန်းတည်ဆောက်ရေးအတွက် ပံ့ပိုးပေးသူအားလုံးကို ကျေးဇူးတင်ကြောင်း အင်ဂိုလာသမ္မတ ဂျိုအောလိုရန်ကို က ပြောကြားသည်။

အဆိုပါ လေဆိပ်သည် လေဆိပ် သယ်ယူပို့ဆောင်ရေးအတွက် အရေးကြီးအချက်အချာကျသည့် အင်ဂိုလာနိုင်ငံအတွက် ဝန်ဆောင်မှု ပေးရုံသာမက အာဖရိကတိုက်ကြီးနှင့် ကမ္ဘာတစ်ဝန်းလုံးအတွက်ပါ အရေးပါလှသည့် အခြေခံအဆောက်အအုံကို စတင်ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။ အင်ဂိုလာနိုင်ငံ၏ ပထမဆုံးသမ္မတ ဒေါက်တာ အန်တိုနီယို အဂို့စ်တင်ဟို နက်တို၏အမည်ကို အစွဲပြု၍ အမည်ပေးထားသော အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် လူအန်ဒါမြို့၏အရှေ့တောင်ဘက် ၄၀ ကီလိုမီတာ အကွာတွင်ရှိပြီး တစ်နှစ်လျှင် ခရီးသည် ၁၅ သန်းနှင့် ကုန်ပစ္စည်း မက်ထရစ်တန် ၁၃၀၀၀၀ အတွက် ဝန်ဆောင်မှုပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ **ဆင်ဟွာ**

# ဖင်လန်နိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်မှု များပြားလာသည်ကို ဖြေရှင်းနိုင်ရေးရုန်းကန်နေရ

**ဟယ်ဆင်ကီ နိုဝင်ဘာ ၁၁**

ဖင်လန်နိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်မှုများ တစ်စတစ်စ တိုးပွားလာပြီး အချို့သောမြို့များရှိ ဆေးရုံများတွင် ကိုဗစ် -၁၉ လူနာများကို ကုသမှုပေးနိုင်ရေးအတွက် အရေးမကြီးသည့် ဝန်ဆောင်မှုများကို လျှော့ချခြင်းတို့ပြုလုပ်ရန် လိုအပ်လာသည်ဟု မီဒီယာဖော်ပြချက်အရ သိရသည်။

ဖင်လန်နိုင်ငံ အနောက်အလယ်ပိုင်း ပီယာကန်မား၌ ကိုဗစ် – ၁၉ အတွက် ကြိုတင်ပြင်ဆင်မှုကို နိုဝင်ဘာ ၈ ရက်က အဆင့်မြင့်ဆုံးအထိ တိုးမြှင့်ခဲ့သည်။ ထို့ပြင် ဖင်လန်နိုင်ငံတစ်လွှား ကာကွယ်ဆေးရရှိရန် ခက်ခဲမှုများ၊ ကာကွယ်ဆေးထိုးနှံရန် အချိန်ကြာ စောင့်ဆိုင်းရမှုများနှင့် ကြုံတွေ့နေရ သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။ ဒေသတွင်း ကျန်းမာရေးခရိုင်များသို့ ကိုဗစ် – ၁၉ ကာကွယ်ဆေး ဖြန့်ဝေပေးမှုမှာ အလွန်နောက်ကျခဲ့သည်ဟု ဖင်လန်နိုင်ငံ ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနက ပြောသည်။

**ဆင်ဟွာ**

# အမေရိကန်၌ အဝေးပြေးလမ်းမတွင် ပစ်ခတ်မှုကြောင့် လေးဦးဒဏ်ရာရ

**ဟူစတန် နိုဝင်ဘာ ၁၁**

အမေရိကန်တောင်ပိုင်း အလာဘားမားပြည်နယ် ဘာမင်ဂမ်ရှိ အဝေးပြေးလမ်းမတွင် နိုဝင်ဘာ ၁၀ ရက် အစောပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး လူလေးဦးဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

**အမျိုးသမီးတစ်ဦးကို ဖမ်းဆီးထိန်းသိမ်း**

ဘာမင်ဂမ်ရဲဌာနက အမျိုးသမီးတစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဒဏ်ရာရရှိသူ လေးဦးကိုလည်း သံသယရှိသူများအဖြစ် သတ်မှတ်ထားကြောင်း ရဲဌာနက မီဒီယာများကို ပြောသည်။

ဒဏ်ရာရရှိသူလေးဦးအနက် နှစ်ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးထားကြောင်း ဘာမင်ဂမ် မီးသတ်အရာရှိက ပြောသည်။

**ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွား**

အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ အများအပြား ရောက်ရှိလာပြီး ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ငပုတောမြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၁** ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်) နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ ပြည်သူ့ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ



များအား ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၃၈ ဦး၊ ခွဲစိတ်ရောဂါ ၅၉ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၃၈ ဦး၊ ကလေး ရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၇၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၅ ဦး၊ မျက်စိရောဂါ ၁၆၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေ ခွဲစိတ်လူနာ ၁၀ ဦး၊ မျက်စိခွဲစိတ် လူနာ လေးဦး၊ ဓာတ်မှန်ရိုက် လူနာ ကိုးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ် စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ် လူနာ ၂၉ ဦး စုစုပေါင်း ၈၂၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သူလေးဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန် များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့ သည် ယနေ့တွင် ပဲခူးတိုင်းဒေသ ကြီး ပြည်ခရိုင် ပန်းတောင်း မြို့နယ် ထုံးဘိုမြို့ ဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ နှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။



အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ထုံးဘိုမြို့ အခြေခံ ပညာ အထက်တန်းကျောင်း၌ အခြေပြု၍ ထုံးဘိုမြို့နှင့် ပတ်ဝန်း ကျင် ကျေးရွာများမှ ဒေသခံ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကု ဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၂၁ ဦး၊ ခွဲစိတ်ရောဂါ ၅၂ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၃ ဦး၊ ကလေး ရောဂါလေးဦး၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၄ ဦး၊ မျက်စိရောဂါ ၆၅ ဦးနှင့် သွားရောဂါ ၂၆ ဦးတို့ကို လိုအပ် သည့် ဆေးဝါးကုသမှုများ ဆောင် ရွက်ပေးသည်။ ထို့ပြင် တယ်လီ ဖေးရှင်း ဓာတ်မှန်ရိုက်လူနာကိုးဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၂ ဦး စုစုပေါင်း ၅၄၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသ ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက် ပေးမှုများအပေါ် ဒေသခံပြည်သူ များ၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်-

**ဒေါ်တင်နွဲ့( သက်ကယ်ကွင်း ကျေးရွာ၊ ငရုတ်ကောင်းမြို့)**

အဘွားရဲ့ရောဂါက ကျောင်း



ဒေါ်တင်နွဲ့



ဒေါ်မူမူအေး

ဈေးမှာ မုန့်သွားရောင်းရင်း ချော်လဲတာ ပေါင်အရင်းက ကျိုးသွားတယ်လို့ ပြောတယ်။ ပေါင်ရင်းက ၁၅ ရက်လောက်ရှိ ပါပြီ။ အဘွားလဲတဲ့အချိန်က နာရီ ဝက်ကျော်ကျော်လောက် မေ့နေ တယ်။ အဘွားကဒီနေ့ထိ ကိုက်နေ တယ်၊ နေလို့ စားလို့မရဘူး။ သားတစ်ယောက်က ဘာအလုပ်မှ လည်း မလုပ်ရဘူး၊ အဘွားကို ချီလိုက်၊ ချလိုက်၊ ရေချိုးပေးလိုက် နဲ့ သူ့ကိုလည်း အားနာတာပေါ့။ အဘွားရဲ့ ပေါင်ရင်းကျိုးတာ သိန်း ၃၀ ကျော် လောက်ကုန်မယ်။ အဘွားမှာမရှိတော့ အဲဒီဆရာဝန် ကြီးတွေက ကုန်ပါစေ ရန်ကုန် ထိရောက်အောင် ကုပေးပါမယ် ပြောတော့ အဘွားရင်ထဲမှာ တော်တော်ပျော်နေတာ။အားလည်း အားရှိသွားပါတယ်။ ပျော်လည်း ပျော်တယ်၊ရင်ထဲမှာလည်း ဘယ်လို ခံစားရမှန်း မသိဘူး။ အဘွားအနေ နဲ့ ကုလည်းမကုနိုင်ပါဘူး။ ဒီလိုပဲ နေရမှာပေါ့၊ အခမဲ့ကုပေးမယ် ဆိုတော့ အဘွားကျေးဇူးလည်း တင်ပါတယ်။ အခုလို စီစဉ်ပေးတဲ့ တပ်မတော်အကြီးအကဲနဲ့ တာဝန် ရှိသူများကို ကျေးဇူးတင်ပါတယ်။

**ဒေါ်မူမူအေး(ကမြိုင်ကျေးရွာ၊ ထုံးဘိုမြို့)**

အစ်မက မျက်စိမကောင်း ဘူး၊ မျက်စိကမှုန်နေတာ ကြာပြီမို့ ဆေးခန်းပြချင်နေတာ၊ ပါရဂူတွေနဲ့ ပြချင်တာ။ ဒါပေမယ့် မကြုံကြိုက်တော့ မပြရဘူး။ ခုတော့ကြုံတော့ လာပြရတာပေါ့။ ကိုယ့်ဟာကိုယ်တော့ အရင်က သံသယတွေနဲ့နေခဲ့ရတာ။ မျက်စိ က ဘာဖြစ်လို့ ဖြစ်မှန်းမသိဘူး ဆိုတော့လေ။ အခုတော့ သေချာ စမ်းသပ်ပြီးတဲ့အခါကျတော့ ပါရဂူ တွေကနေ မျက်မှန်လိုအပ်တယ်၊ ပါဝါတွေလည်း ဘယ်လောက် နဲ့ဘယ်လောက် တပ်ရမယ်၊ သောက်ရမယ့်ဆေးတွေ ညွှန်ကြား ပေးတဲ့အတွက် အခုအဆင်ပြေ သွားပြီ။ အပြင်မှာ အခုလိုကာလ မျိုးမှာ မျက်မှန်တစ်လက် လုပ်ဖို့ ဆိုတာလည်း မလွယ်ဘူး။ မျက်စိ ပြသ စမ်းသပ်ဖို့ဆိုတာလည်း မလွယ်ဘူးလေ။ အဲဒီအတွက် အစ်မတို့က ဒီလိုအခြေအနေကို စောင့်နေတာ။ တကယ်လို့ အပြင် မှာပြမယ်ဆိုရင် မပြနိုင်တဲ့ အခြေ အနေပါ။ အခုလို ဗိုလ်မှူးတို့၊ ဗိုလ်ကြီးတို့ ပါရဂူတွေ လာတော့ ပိုပြီးတော့ အဆင်ပြေတာပေါ့။ ကျေးဇူးတင်ပါတယ် တကယ်ကို ကျေးဇူးတင်တယ်။ လှိုက်လှိုက် လှဲလှဲပေါ့။ အစ်မတို့ဆိုသွားတောင် ကြိုတာ ကမ်းနားမှာ၊ ဆေးမှူး၊ ဗိုလ်မှူးတို့အဖွဲ့ကို သွားကြိုပြီးမှ ဒီမှာလာပြီးတော့ ပြန်ပြီးဆေးကု တာ။ နိုင်ငံတော်အကြီးအကဲတွေ ရော၊ တာဝန်ရှိသူတွေရော တကယ် ကျေးဇူးတင်ပါတယ်။ အခုလို အစစအရာရာ ပံ့ပိုးပေးတယ်။ အခုဒီလာတော့လည်း ကြိုဆိုရေး အဖွဲ့တွေနဲ့ အကုန်လုံးကလည်း ဖော်ရွေကြတယ်။ ကျေးဇူးတင် ပါတယ်၊ နောက်ထပ်ပြီးလည်း ပြည်သူတစ်ယောက် အနေနဲ့ ကြိုဆိုပါတယ်လို့ ပြောချင်ပါ တယ်။ **သတင်းစဉ်**

## မုံရွာမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၁** စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခဝဲကျင်း ကျေးရွာရှိ ဒေသခံပြည်သူများအား အနောက်မြောက် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါကျေးရွာ အခြေခံပညာမူလတန်း ကျောင်း၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်



မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၃၇ ဦး တို့ကို သွေးတိုးရောဂါ၊ မျက်စိ ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာ အောင်မြေမြို့နယ် သန်လျက်မော်အရှေ့ရပ်ကွက် ဇောဓိမဏ္ဍိုင် ပရိယတ္တိစာသင်တိုက်ရှိ သာသနာ့ နွယ်ဝင် သီလရှင် ၁၂၆ ပါး တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ ကလေး ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ် သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင် ရွက်ပေးခြင်း၊ ECG ၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချို/ သွေးချို စစ်ဆေးခြင်းနှင့် သွေးအုပ်စုများ စစ်ဆေးပေး ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေး သည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ် မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*❖ ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင် အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်လက်ရွေး စင်အသင်းနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် မြောက် ကိုရီးယားအသင်းနှင့် အိမ်ကွင်းယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲတွင် ဂျပန်၊ ဆီးရီး ယား၊ မြောက်ကိုရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ – MFF**

*❍ ကျောဖုံးမှ*


၉၇ မိနစ်တွင် ဝုဗ်အသင်းအတွက် အနိုင် သေချာစေမည့် ဂိုးကို ဆာရာဘီရာ၏ ဖန်တီးမှုမှ လီမီနာက သွင်းယူပေးခဲ့ သည်။

စပါးအသင်းသည် ပွဲချိန်ပြည့်ခါနီး အထိ တစ်ဂိုး – ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည် ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့သည်။ ဝုဗ်အသင်းသည် ယခုပွဲ အနိုင်ရရှိမှုကြောင့် ပရီမီယာလိဂ် တွင် ၁၂ ပွဲကစားပြီး ရမှတ် ၁၅ မှတ် ရရှိလာပြီဖြစ်သည်။

အခြားပွဲစဉ်များတွင် မန်ယူက လူတန်ကို တစ်ဂိုး – ဂိုးမရှိ၊ အာဆင်နယ် က ဘန်လေကို သုံးဂိုး– တစ်ဂိုးဖြင့် နိုင်ပြီး ပဲလေ့စ် ကို အဲဗာတန်က သုံးဂိုး– နှစ်ဂိုးဖြင့် အနိုင်ရသည်။ **အောင်ဇော်**

# ပင်းတယမြို့မှ ရှစ်သောင်းလေးထောင်ဘုရားနဲ့ ခနေမြေမှ လည်ပတ်စရာနေရာများ

ယဉ်လာဒ်



**သုံး** ရောင်ခြယ်မြို့လေးလို့ ခေါ်ဆိုကြတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့လေးမှ ထူးခြားအံ့ဖွယ်ကောင်းပြီး ကြည်ညို စရာကောင်းလှတဲ့ စာရိတ္တမဏ္ဍိုင်ဘုရားခေါ် ရှစ်သောင်းလေးထောင်ဘုရားအကြောင်းကို ဒီတစ်ပတ်ရဲ့ ဘုရားဖူးလမ်းညွှန် အနေနဲ့ ဖော်ပြပေးချင်ပါတယ်။

စာရိတ္တမဏ္ဍိုင်ဘုရားရဲ့ထူးခြားချက်ကတော့ ထုံးကျောက်တောင်ပေါ်မှာ ဘုရားရုပ်ပွားဆင်းတုတော် သေးသေးလေးတွေကို ထွင်းထုပြီး ပူဇော်ထားတာမို့ ကြည်ညိုစရာကောင်းလှပါတယ်။

စာရိတ္တမဏ္ဍိုင်ဘုရားဟာ ပင်းတယမြို့ ရေဖြူကျေးရွာမှာ တည်ရှိပါတယ်။ ဒီရွာဟာ ခနေတိုင်းရင်းသားတွေ အများဆုံး နေထိုင်ကြတဲ့ကျေးရွာဖြစ်ပြီး လက်ဖက်နဲ့ခရမ်းချဉ်သီး အများဆုံး စိုက်ပျိုးကြတဲ့ရွာလေး ဖြစ်တယ်လို့ ပင်းတယဒေသခံ ကိုစိုးသီဟက စာရေးသူကို ပြောပါတယ်။

**ဘုရားဖူးလာသူ နည်းပါးသေး**

ပင်းတယမြို့ပေါ်ကနေသွားရင် မိနစ် ၂၀ လောက်ပဲ ကြာမြင့်မှာဖြစ်ပြီး ဘုရားဖူး အများဆုံးသွားရောက်ဖူးမြော်ကြတဲ့ ကုံလုံကျောင်းသွားတဲ့လမ်းပေါ်မှာ တည်ရှိပြီး ပင်းတယမြို့က Marigold ပန်းခင်းခြံနဲ့ သိပ်မဝေးလှပါဘူး။ ဒါပေမယ့် ပြည်တွင်းဘုရားဖူးတွေ လာရောက်ဖူးမြော်မှုနည်းပါးသေးတဲ့ ဘုရားဖြစ်တယ်လို့ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ ကလောဒေသခံ ကိုအဲလက်စ်က စာရေးသူကို ပြောပါတယ်။ လူသူအရောက်နည်းရတဲ့ အကြောင်းရင်းကတော့ လမ်းမသာတာဟာ အဓိကအကြောင်းရင်း ဖြစ်သလို လမ်းညွှန်ဆိုင်းဘုတ်တွေ မရှိတာကလည်း ခရီးသွားတွေရဲ့ စိတ်ဝင်စားမှုကို နည်းပါးစေခဲ့တဲ့အကြောင်းရင်း ဖြစ်ပါတယ်။

"ကလောကို လာလည်ကြတဲ့ ဧည့်သည်တွေ ပင်းတယက ကုံလုံကျောင်းကို သွားလည်ရင် စာရိတ္တမဏ္ဍိုင်ဘုရားဆီကိုလည်း ပို့ပေးပါတယ်။ ဒီဘုရားကို ကပ်ကျော်ဘုရားလို့တောင် ခေါ်ရတယ်။ ဧည့်သည်တော်တော်များများ မသိကြပါဘူး။ ပင်းတယမှာ ဘုရားဖူးဧည့်သည်အလွန်များတာတောင် ဒီဘုရားမှာတော့ လူသူမရှိသလောက် နည်းပါးတယ်။ ဘုရားပွဲကျင်းပတဲ့ကာလမှာပဲ လာရောက်ကြလေ့ရှိတယ်လို့" ကိုအဲလက်စ်က ဆက်ပြောပါတယ်။

လက်ရှိအချိန်ထိ ရုပ်ပွားဆင်းတုတော်တစ်ဆူကို ငွေကျပ်တစ်ထောင်နှုန်းနဲ့ လှူနိုင်တယ်လို့လည်း သွားရောက်ပို့ဆောင်ပေးတဲ့ ဧည့်လမ်းညွှန်တစ်ဦးက စာရေးသူကို ပြောပါတယ်။



စာရိတ္တမဏ္ဍိုင်ဘုရား ခေါ် ရှစ်သောင်းလေးထောင်ဘုရား။ ဓာတ်ပုံ-ကိုအဲလက်စ်

အရှေ့ဘက်တောင်တန်းကြီး အထက်က မြူနှင်းတွေနဲ့ လွှမ်းခြုံထားတဲ့ ပင်းတယမြို့ငယ်လေးကို မြို့ရဲ့အမြင့်ဆုံးတောင်ဖြစ်တဲ့ အရှေ့မြင် အနောက်မြင်တောင်တန်းနဲ့ ကာရံထားပြီး တိုင်းရင်းသားတွေ မျိုးစုံနေထိုင်ကြတဲ့မြို့လေး ဖြစ်ပါတယ်။

**ခနေမြေ ပင်းတယမြို့**

ပင်းတယမြို့လေးဟာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၈၈၀ မှာ တည်ရှိပြီး ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ အထွတ်အမြတ်ထားရာ ရှေးဟောင်းစေတီပုထိုးပေါများတဲ့ တောင်ပေါ်မြို့လေး ဖြစ်ပါတယ်။ ပင်းတယမြို့ရဲ့ ထူးခြားချက်က နှစ်သက်တမ်းရာကျော်ရှိတဲ့ ညောင်ပင်အိုကြီးတွေ အများကြီးရှိနေခြင်း ဖြစ်ပါတယ်။

**လည်ပတ်စရာနေရာများ**

ပင်းတယမြို့ဆိုတာ ညအိပ်ညနေ လာရောက်လည်ပတ်တဲ့သူလည်း နည်းပါးပါတယ်။ နေ့ချင်းပြန်လည်ပတ်ကြတဲ့ ဧည့်သည်တွေသာများကြတာမို့ တချို့ဒေသခံတွေက သရဲခြောက်သောမြို့လို့တောင် ရယ်ကာမောကာ ပြောကြလေ့ရှိပါတယ်။ တကယ်တော့ ပင်းတယမြို့လေးမှာ လည်ပတ်စရာ၊ စိတ်ဝင်စားစရာ နေရာတွေ အများအပြားရှိပါတယ်။

ပင်းတယမြို့ရဲ့ ရွှေဥမင်သဘာဝ လိုဏ်ဂူဘုရားဟာ ပင်းတယမြို့ရဲ့ အထင်ကရဘုရားဖြစ်ပါတယ်။

ပိတ်ရက် အခါကြီးရက်ကြီးတွေမှာ ခရီးသွားဧည့်သည် အများအပြား လာရောက်လည်ပတ် ဖူးမြော်ကြပြီး စည်ကားလေ့ရှိပါတယ်။ ပင်းတယမြို့ပေါ်မှာ အခြားလည်ပတ်စရာနေရာတွေက ရွှေဥမင်ဘုရား၊ ပုန်းတလုတ်ရေကန်၊ ဇော်ဂျီရေထွက်၊ ကုံလုံဆရာတော်စံကျောင်း၊ နှစ်ပေါင်းနှစ်ရာကျော်က သစ်အယ်ပင်ရွာ ရှေးဟောင်းကျောင်းနဲ့ စကြာတောင်ဘုရား၊ တမဲရွာမြစေတီ ဆုတောင်းပြည့်ဘုရား၊ မဲနယ်တောင်တို့ အပြင် ရွာငံမြို့နယ်ထဲက ရေပြာအိုင်နဲ့ မိန်းမရဲတောင်၊ ကလောမြို့က နီးဘုရား၊ ရွှေဥမင်ဂူ၊ မြင်းမထိဂူဘုရားတို့ကိုလည်း နေ့ချင်းပြန် သွားရောက်လည်ပတ်ဖူးမြော်နိုင်ပါတယ်။ ဒါကြောင့်မို့ သုံးရောင်ခြယ်မြို့လေးလို့ ခေါ်ဆိုကြတဲ့ ခနေမြေမှ ပင်းတယမြို့လေးကို အလည်ရောက်ဖြစ်ခဲ့ရင် ကြည်ညိုဖွယ်ရာကောင်းလှပြီး သပ္ပာယ်လှတဲ့ စာရိတ္တမဏ္ဍိုင်ဘုရားခေါ် ရှစ်သောင်းလေးထောင် ဘုရားဆီကိုလည်း သွားရောက်ဖူးမြော်နိုင်ကြစေဖို့ ဒီတစ်ပတ်ရဲ့လမ်းညွှန်အနေနဲ့ ရေးသားဖော်ပြပေးလိုက်ပါတယ်။ ။

> **နေ့ချင်းပြန်လည်ပတ်ကြတဲ့ ဧည့်သည်တွေသာ များကြတာမို့ တချို့ဒေသခံတွေက သရဲခြောက်သောမြို့လို့တောင် ရယ်ကာမောကာပြောကြလေ့ရှိပါတယ်။ တကယ်တော့ ပင်းတယမြို့လေးမှာ လည်ပတ်စရာ၊ စိတ်ဝင်စားစရာ နေရာတွေအများအပြားရှိပါတယ်။ ပင်းတယမြို့ရဲ့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားဟာ ပင်းတယမြို့ရဲ့ အထင်ကရဘုရားဖြစ်ပါတယ်**



ပင်းတယမြို့၏ အထင်ကရ ရွှေဥမင်ဘုရား၌ ဘုရားဖူးများကို သီတင်းကျွတ်လပြည့်နေ့က တွေ့ရစဉ်။ ဓာတ်ပုံ-သုခနေ

# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ တောင်ဂူနီနှင့် မြောက်ဂူနီဘုရားအတွင်းရှိ ထိုင်တော်မူဆင်းတုတော်အား ဖူးမြော်ပြီး ဂူဘုရားတည်ဆောက်ပုံ ဗိသုကာပညာရပ်များကိုလေ့လာနိုင်

**ညောင်ဦး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း တောင်ဂူနီဘုရားနှင့် မြောက်ဂူနီဘုရားအတွင်းရှိ ထိုင်တော်မူဆင်းတုတော်ကိုဖူးမြော်ပြီး ဂူဘုရားတည်ဆောက်ပုံဗိသုကာပညာရပ်များနှင့်နံရံပန်းချီတို့ကို လေ့လာနိုင်ကြောင်း သိရသည်။

တောင်ဂူနီဘုရားနှင့် မြောက်ဂူနီဘုရားသည် ပုဂံမြို့ဟောင်း၏အရှေ့တောင်ဘက်၊ ဓမ္မရံကြီးဘုရား၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်။ ထိုဂူဘုရားနှစ်ဆူမှာ အရှေ့ဘက်လှည့် ရှေ့ဘက်အဆောင်နှင့် ဗုဒ္ဓရုပ်ပွားတော်ပုံရှိသော အတွင်းဆောင်များပါရှိကာ အပေါ်ထပ်သို့လည်း လှေကားဖြင့် တက်ရောက်နိုင်ပြီး အပေါ်ပိုင်းတွင် အဆောင်သီးခြားတည်ဆောက်ထားသည်။ ထိုဂူဘုရားများအပေါ်မှနေ၍ ဓမ္မရံကြီးဘုရားဘက်သို့ကြည့်ပါက ဓမ္မရံကြီးအဆောက်အအုံကိုဘေးမှ တံတိုင်းလေးထောင့်အတွင်း ထီးတည်းကြီးတည်ရှိနေသည်ကို စိတ်ဝင်စားဖွယ်တွေ့ရှိလေ့လာနိုင်သည်။ ဂူဘုရားနှစ်ဆူတွင် မူလကကျောက်စာတစ်ချပ်စီရှိခဲ့ရာ ယခုအခါ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရွှေ့ပြောင်းထားသည်။ ကျောက်စာအရ မြောက်ဂူနီဘုရားကို သက္ကရာဇ် ၆၀၃ ခုတွင် နရသိင်္ဃဥဇ္ဇနာမင်း၏ မိဖုရားစော တည်ထား၍ တောင်ဂူနီဘုရားကို သက္ကရာဇ် ၅၅၂ ခုနှစ်တွင် အမတ်ကြီး သိင်္ဃသူရက တည်ထားကြောင်း ရေးထိုးထားသည်။

အဆိုပါ ဂူနီဘုရားနှစ်ဆူသည် လိုဏ်နှစ်ထပ်ဂူဘုရားအမျိုးအစားဖြစ်ကာ တိုက်မအရှေ့ဘက်လှည့် ထိုင်တော်မူဆင်းတုတော်တစ်ဆူဆီ အတော်အတန်ကြီးမားစွာဖူးတွေ့နိုင်ပြီး ထိုင်တော်မူဆင်းတုတော်နောက်ဘက် ပလ္လင်တော်နှင့်ကပ်လျက်နံရံတို့တွင် နံရံပန်းချီများ၊ အမိုးခုံးနံရံပန်းချီများ၊ မျက်နှာကြက်နံရံပန်းချီများကို လေ့လာနိုင်ကာ လေဝင်လေထွက်၊ အလင်းအမှောင်အတွက်လည်း ထိုဂူနီဘုရားနှစ်ဆူတွင် လက်ရာပြောင်မြောက်လှသည့် ဗိသုကာပညာရပ်များကို လေ့လာနိုင်ကြောင်း သိရသည်။ ထိုဂူနီဘုရားနှစ်ဆူ အနောက်တောင်ဘက်တွင် ဓမ္မရံကြီးဘုရား၊ အနောက်ဘက်တွင် ရွှေဆံတော်၊ အရှေ့မြောက်ဘက်တွင် စူဠာမဏိဘုရားတို့ကိုလည်း လေ့လာဖူးမြော်နိုင်ကြောင်း သိရသည်။

**ဒီပါလင်း**



တောင်ဂူနီဘုရားအတွင်းရှိ ဆင်းတုတော်။



မြောက်ဂူနီဘုရားအတွင်းရှိ ဆင်းတုတော်။





ဘုရားဖူးများ လေ့လာနိုင်သည့် နံရံပန်းချီများနှင့် ဗိသုကာလက်ရာမျိုးစုံ တွေ့ရစဉ်။







## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် (၃၉)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပူဇော်ရန်အတွက် လုပ်ငန်းညှိနှိုင်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော် တိုးချဲ့ရင်ပြင်၌ (၃၉) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ် ဆက်ကပ်ပူဇော်ပွဲကျင်းပရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက ဆိပ်ကမ်းဓမ္မာရုံတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ဒေါက်တာတင်ထွန်းနှင့် ဗိုလ်တထောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်တို့က အမှာစကားပြောကြားပြီး ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီဘုရား ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးကျော်နိုင်ထွန်းက ပြိုင်ပွဲတွင် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ တက်ရောက်လာသော ဌာနဆိုင်ရာများက ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ငမိုးရိပ်ရေထိန်းတံခါးတွင် ချောင်းအတွင်းမှ နုန်းများကို နုန်းစုပ်စက်များဖြင့် စုပ်တင်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ငမိုးရိပ်ရေထိန်းတံခါးတွင် ချောင်းအတွင်းမှ နုန်းများကို ရေပေါ်သွားမြေတူးစက် Amphibious Excavator လေးစီးနှင့် Long Arm Backhoe နှစ်စီးတို့ဖြင့် နုန်းစုပ်တင်နေမှုနှင့် ငမိုးရိပ်ချောင်းတစ်လျှောက် နုန်းပို့ချမှုအခြေအနေနှင့် ရေစီးနှုန်းတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက နိုဝင်ဘာ ၉ ရက်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်မြို့နယ်များအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ငမိုးရိပ်ချောင်းပေါ်တွင် ငမိုးရိပ်ရေလှောင်တမံ၊ ပေါင်းလင်းရေလှောင်တမံနှင့် မဟူရာရေလှောင်တမံတို့ကို တည်ဆောက်ထားပြီး ရေချိုများထိန်းသိမ်းသိုလှောင်၍ စိုက်ပျိုးရေနှင့် မြို့တော်သောက်သုံးရေပေးဝေပြီး အကျိုးပြုလျက်ရှိကြောင်း၊ ထို့အတူ ငမိုးရိပ်ချောင်းပေါ်ရှိ ငမိုးရိပ်ရေထိန်းတံခါးသည်လည်း ချောင်းအထက်ပိုင်းသို့ ရေငန်နှင့်နုန်းများ မဝင်စေရေး၊ သောက်သုံးရေ၊ စိုက်ပျိုးရေပေးဝေရေးတို့အတွက် အကျိုးပြုလျက်ရှိကြောင်း၊ ယခုအခါ ငမိုးရိပ်ချောင်းအပါအဝင် ဆက်စပ်လျက်ရှိသော ချောင်းရိုးများ ကျဉ်းမြောင်းတိမ်ကောပြီး ရာသီဥတုဖောက်ပြန်၍ မိုးအဆက်မပြတ်ရွာသွန်းသည့်အခါတွင် ရေကြီးမှုများဖြစ်ပွားသဖြင့် တိမ်ကောနေသော ငမိုးရိပ်ချောင်းနှင့် ငမိုးရိပ်ချောင်းအတွင်းစီးဝင်သည့် တိမ်ကောနေသည့် ချောင်းရိုးများကို တူးဖော်ပေးခြင်း၊ ငမိုးရိပ်ချောင်း ဖြတ်သန်းစီးဆင်းရာတစ်လျှောက်ရှိ မြို့နယ်များတွင် ရေကြီးရေလျှံမှု လျော့နည်းစေရေးအတွက် အဓိကရေထွက်မြောင်းနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ပြန်လည်တူးဖော်ခြင်း၊ ရေဘေးကာကွယ်ရေးတာများကို သတ်မှတ် A.C.L ပြည့်မီအောင်မြှင့်တင်ခြင်းနှင့် တောင့်တင်းအောင် ဆောင်ရွက်ခြင်းတို့ဖြင့် ရေကြီးမှုဖြစ်စဉ်များ လျော့နည်းသက်သာစေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နုန်းများစုပ်ယူရန်အတွက် ငမိုးရိပ်ချောင်းတစ်လျှောက် နုန်းပို့ချမှုအခြေအနေနှင့် ရေစီးနှုန်းတိုင်းတာခြင်းလုပ်ငန်းများကို စူးစမ်းလေ့လာရေးဌာနခွဲ၊ ဇလဗေဒဌာနခွဲ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ တိုင်းတာဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ကလောနှင့် တောင်ကြီးမြို့နယ်တို့၌ မိုးစပါးစံပြကွက်များ ရိတ်သိမ်း

**ကလော နိုဝင်ဘာ ၁၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ရှမ်းပြည်နယ် ကလောမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့၌ မိုးစပါး စံပြကွက်များ ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၀ ရက်က ပြုလုပ်ရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက် ကြည့်ရှုအားပေးသည်။

ရှမ်းပြည်နယ် အစိုးရ၏ သွင်းအားစုပံ့ပိုးမှုဖြင့် စိုက်ပျိုးထားသော စံပြကွက်ရိတ်သိမ်းခြင်းကို ကလောမြို့နယ် ဟဲဟိုးမြို့ဘော်နင်းကျေးရွာရှိ ရွှေရင်အေး မိုးစပါး စံပြကွက်၌ ပြုလုပ်ရာတွင် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသန်းဝင်းက မိုးစပါးစံပြကွက် ရိတ်သိမ်းမှုနှင့် ပတ်သက်၍ လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချိုနိုင်ထွန်းက သီးနှံပုံစံနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးငြိမ်းထွန်းက စပါးသီးနှံအထွက်မိတ်ဖက်လက္ခဏာများကို လည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက စံပြကွက် အထွက်နှုန်း တွက်ချက်ခြင်းနှင့် ကူဘိုတာစက် အမျိုးအစား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရွှေရင်အေး မိုးစပါးရိတ်သိမ်းခြင်းကို ကြည့်ရှုကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအား နေကြာမျိုးစေ့အိတ်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဝါးရုံပင်ကျေးရွာအုပ်စု ပုန်းအင်းကျေးရွာ၌ ရွှေရင်အေးစပါး စံပြကွက် ရိတ်သိမ်းနေမှုနှင့် တောင်ကြီးမြို့နယ် တာယောမျိုးသန့်ခြံ၌ စိုက်ပျိုးရေးဦးစီးဌာန၏ ရွှေရင်အေးစပါး မျိုးစေ့ထုတ်စိုက်ခင်း စံပြကွက်ရိတ်သိမ်းမှု သရုပ်ပြပွဲကို ကြည့်ရှုအားပေးကြပြီး တောင်ကြီးမြို့နယ်နှင့် ညောင်ရွှေမြို့နယ်ရှိ ကျေးရွာများမှ တောင်သူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် နေကြာမျိုးစေ့အိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ကာ တောင်သူများကလည်း ကုန်ထုတ်လမ်း၊ ဆည်မြောင်း ကိစ္စရပ်များနှင့် ဒေသအတွက် လိုအပ်ချက်များကို တင်ပြခဲ့သည်။

စံပြကွက် ရိတ်သိမ်းမှုတွင် ဘောနင်းကျေးရွာအုပ်စု စံပြကွက်မှ တစ်ဧက စပါးအစို တင်း ၁၃၀၊ ဝါးရုံပင်ကျေးရွာအုပ်စု စံပြကွက်မှ တစ်ဧက စပါးအစို ၁၂၆ တင်းနှင့် တာယောမျိုးသန့်ခြံမှ တစ်ဧက စပါးအစိုထွက် ၁၂၆ ဒသမ ၇၇ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(ပြန်/ဆက်)**



မိုးစပါးစံပြကွက် ရိတ်သိမ်းနေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

# တပ်မတော် ဆေးကုသရေးအဖွဲ့များက မြို့နယ်သုံးခုတွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နတ္တိကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၃ ဦးအား အဆိုပါကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၉၂ ဦးအား အဆိုပါကျေးရွာရှိ ကြာကန်ဗိမာန်တော်၌ လည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော် ၁၈ ပါး၊ သာသနာ့ဗွယ်ဝင် သီလရှင် ခြောက်ပါးနှင့် ဒေသခံပြည်သူ ၂၅၅ ဦးအား အဆိုပါရပ်ကွက်ရှိ ဓမ္မပီတိကျောင်းတိုက်၌ လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက နိုဝင်ဘာ ၁၀ ရက်တွင် ဆောင်ရွက်ပေးသည်။

ဆေးကုသရေးအဖွဲ့များက သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြပြီး ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အေအိုင်ဒီအက်စ်ရောဂါနှင့် ကာလသားရောဂါအကြောင်း နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း ဆောင်ရွက်

**အုတ်တွင်း နိုဝင်ဘာ ၁၁**
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ရန်ကုန်-မန္တလေး ကားလမ်းတွင် မောင်းနှင်နေသော အဝေးပြေးကုန်တင်ယာဉ်များနှင့် မြို့နယ်အတွင်းရှိ ကေတီဗွီစားသောက်ဆိုင်များတွင် "အေအိုင်ဒီအက်စ်ရောဂါနှင့် ကာလသားရောဂါအကြောင်း နှစ်သိမ့် ဆွေးနွေးပညာပေးခြင်း"ကို နိုဝင်ဘာ ၁၀ ရက်က ဆောင်ရွက်သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးဌာနမှူးဒေါက်တာကျော်မိုးနှင့်တာဝန်ရှိ ကျန်းမာရေးဆရာ ဆရာမများက ရန်ကုန်-မန္တလေး ကားလမ်းတွင် မောင်းနှင်နေသော အဝေးပြေးကုန်တင်ယာဉ်များမှ ယာဉ်မောင်းများနှင့်ယာဉ်နောက်လိုက်များအား ကွန်ဒုံးများဖြန့်ဝေခြင်း၊ အေအိုင်ဒီအက်စ်၊ ကာလသားရောဂါနှင့်ပတ်သက်၍ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မြို့နယ်အတွင်းရှိကေတီဗွီများတွင် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် ကေတီဗွီအတွင်းရှိ အခန်းများနှင့် စားသောက်ကုန်များကို ကျန်းမာရေးနှင့်ညီညွတ်မှုရှိမရှိ စစ်ဆေးကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့ပြင် အုတ်တွင်းမြို့နယ်နေပြည်သူများအနေဖြင့် အိတ်ချ်အိုင်ဗွီပိုးနှင့် ကာလသားရောဂါပိုးများ ရှိ မရှိ စစ်ဆေးလိုပါက မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့လာရောက်စစ်ဆေးနိုင်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**







# မြဝတီမြို့၌ ဘာသာစုံအမှတ်ပြည့် အေအဆင့်ရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်

မြဝတီ နိုဝင်ဘာ ၁၁

ကရင်ပြည်နယ် မြဝတီမြို့ ပညာရွှေဖူးမူလတန်းကျောင်း၏ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် အောက်တိုဘာလ ပထမနှစ်ဝက်စစ်ဆေးခြင်းတွင် ဘာသာစုံအမှတ်ပြည့် အေအဆင့်ရရှိသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မြဝတီခရိုင် ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် (၂) ဦးအောင်မင်းစိုး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး၊ မူလတန်းကျောင်းတည်ထောင်သူ ဦးသန်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အတန်းလိုက် ဘာသာစုံအမှတ်ပြည့် အေ အဆင့်ရရှိသော KG တန်းမှ ၁၀၀၊ Grade-1 မှ ၁၁၉ ဦး၊ Grade - 2 မှ ၁၀၇ ဦး၊ Grade - 3 မှ ၅၁ ဦး၊ Grade- 4 မှ ၃၈ ဦး၊ Grade-5 မှ ၁၈ ဦးတို့အား တစ်ဦးချင်းစီ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


# ကံမမြို့နယ်၌ စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိ

ကံမ နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေးဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများပူးပေါင်း၍ အခြေခံစားသောက်ကုန်ဖြစ်သည့် စားအုန်းဆီပိဿာ ၂၂၀၀ ကို မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများအား တစ်ပိဿာလျှင် ငွေကျပ်၅၅၀၀ နှုန်းဖြင့် ကာလပေါက်ဈေးထက် ဈေးသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ကျော်ဇေယျာဝင်း(ကံမ)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၁၁ - ၂၀၂၂

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၁၅ ကျပ် | ၂၃၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၀ ကျပ် | ၂၁၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၂၁ | ၁၀၆၄၈၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၃၅ | ၁၀၃၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၂၂၆ | ၃၆၁၆၀၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၁ | ၂၅၅၀ |
| EFR | ၂၀၅၀ | ၂၀၅၀ | ၅ | ၁၀၂၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၈၀၀ | ၁၇၅၀ | ၁၆၆ | ၂၉၁၄၀၀ |

ညီညီ - စုစည်းသည်

# စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့

**မုံရွာ နိုဝင်ဘာ ၁၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းခဲ့သည့် မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးယာဉ်/စက်ပစ္စည်းများအား တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးခန်းမတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ လူနေမှုဘဝများအား မီးဘေးနှင့် အခြားသောဘေးအန္တရာယ်များမှ ဘေးကင်းလုံခြုံစေရေးအတွက် ရည်မှန်းချက်တာဝန်(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်မှုနှင့်အတူ မဟာဗျူဟာကျသည့် အရေးကြီးသည့်ကဏ္ဍများဖြစ်သော ကြိုတင်စီမံမှုကဏ္ဍ၊ မီးဘေးလုံခြုံရေးကဏ္ဍနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကဏ္ဍ၊ ပြန်လည်သုံးသပ်မှုကဏ္ဍတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် စွမ်းဆောင်ရည်နှင့် ကြံ့ခိုင်ရေးပြည့်ဝအောင် လေ့ကျင့်ဆောင်ရွက်ကြရန်နှင့် မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းနည်းစနစ်၊ ရှာဖွေကယ်ဆယ်ရေးနည်းစနစ်နှင့် မီးငြိမ်းသတ်ရေးနည်းစနစ်များကို ပြည့်ဝနေအောင် လေ့ကျင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးထံ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်/စက်ပစ္စည်းများနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါရုံးဝင်းအတွင်းရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ယာဉ်/စက်ပစ္စည်းများ လက်တွေ့ သရုပ်ပြသခြင်း၊ Command & Control Center ကို ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် လှေကားတင်ယာဉ် နှစ်စီး၊ လူနာတင်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေး ယာဉ်လေးစီး၊ မီးသတ်ရေသယ်ယာဉ် အစီးရေ ၂၀၊ အပူချိန်တိုင်းကိရိယာ ၅၆ ခု၊ ရေငုပ်ဝတ်စုံ ၁၅ စုံ၊ ရေပက်ပိုက်လိပ် ၃၇၀၊ မီးငြိမ်းသတ်ရေးဝတ်စုံ (ကိုရီးယား) အစုံ ၄၀၊ အသက်ရှူကိရိယာ ၁၀၀၊ အသက်ရှူကိရိယာလေဖြည့်စက် ၁၀ လုံး၊ အလူမီနီယံ မီးငြိမ်းသတ်ရေးဝတ်စုံ ၁၅ စုံ၊ မြေပြင်အခြေအနေ ကြည့် ဒရုန်းတစ်ခုတို့ကို ဝယ်ယူဖြည့်တင်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြိတ်ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းကာ အခမဲ့ဆေးကုခန်းဖွင့်

**မြိတ် နိုဝင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် အသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သည့် အခမဲ့ဆေးကုခန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အခမဲ့ဆေးကုခန်းအတွက် အလှူငွေကျပ် ငါးသိန်း ပေးအပ် လှူဒါန်းပြီးနောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဆွေ၊ မြိတ်မြို့နယ် ကြက်ခြေနီ အသင်းခွဲဥက္ကဋ္ဌ ဒေါက်တာတင်စိုးမိုးတို့က အခမဲ့ဆေးကုခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ အဆိုပါဆေးကုသခန်းမှာ အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ အခမဲ့ဆေးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ ကွမ်းသီးချောင်းကျေးရွာရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ သင်တန်းတက်ရောက်နေသော သင်တန်းသူများအား နိုဝင်ဘာ ၁၀ ရက်က သွားရောက်တွေ့ဆုံပြီး ဆန်၊ ဆီနှင့်ကြက်ဥများ ထောက်ပံ့ပေးအပ်သည်။

အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသည် ကလေးသူငယ်ဥပဒေအရ စောင့်ရှောက်ရန် လိုအပ်သော အသက် ၁၈ နှစ်အောက် အမျိုးသမီးငယ်များကို အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးလျက်ရှိပြီး သင်တန်းသူ ၄၄ ဦးရှိကြောင်း သိရသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ သူနာပြုသားဖွားသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် သားဖွားသင်တန်းနှင့် အရန်သားဖွားသင်တန်းသို့ တက်ရောက်နေသည့် သင်တန်းသူများအား တွေ့ဆုံ၍ ဆန်၊ ဆီနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်သည်။ မြိတ်မြို့ သူနာပြုသားဖွားသင်တန်းကျောင်း၌ သားဖွားသင်တန်းသူ ၃၃ ဦးနှင့် အရန်သားဖွားသင်တန်းသူ ၄၀ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။ **ခရိုင် (ပြန်/ဆက်)**

# မိုင်းဆတ်မြို့နယ်၌ ပါဆပ်ရေလွှဲဆည်နှင့် တူးမြောင်းစနစ်တည်ဆောက်ပြီးစီး

**မိုင်းဆတ် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ မယ်နင်ကျေးရွာအုပ်စုရှိ မိုးစပါးဧက ၁၂၀ စိုက်ပျိုးရေ အလုံအလောက်ရရှိရေးအတွက် (၆)မိုင်(လားဟူ) ကျေးရွာအနီးရှိ ပါဆပ်ချောင်း၌ ရေလွှဲဆည်နှင့်တူးမြောင်းစနစ် တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(ဓာတ်ပုံ)**



ယခင်က မယ်နင်ကျေးရွာအုပ်စုရှိ ဒေသခံတောင်သူများက စိုက်ပျိုးရေရရှိရန်အတွက် ပါဆပ်ချောင်းပေါ်တွင် ဒေသလက်ရိုက်ဆည်အဖြစ် အသုံးပြုခဲ့ကြသော်လည်း မိုးတွင်းကာလ၌ ချောင်းရေစီးအားကြောင့် မကြာခဏကျိုးပေါက်သဖြင့် စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း၊ အောင်ရေမရရှိခြင်းတို့ကြောင့် စံချိန်မီခိုင်ခံ့သည့် ဆည်တစ်ခုရရှိရန် ဒေသခံတောင်သူများက တင်ပြတောင်းခံကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၉၀၀ ဖြင့် ပါဆပ်ရေလွှဲဆည်နှင့် တူးမြောင်းကို ၂၀၂၃ ခုနှစ် ဇွန် ၁၆ ရက်က စတင်တည်ဆောက်ခဲ့ရာ အောက်တိုဘာ ၈ ရက်တွင် ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# ခန္တီးမြို့နယ် နာတိုက်-မကန်နောင် ကျေးရွာချင်းဆက် မြေသားလမ်းနှင့် မြောင်းကူးတံတားများ တည်ဆောက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၃၈ ဒသမ ၀၁၃ သန်း အသုံးပြု၍ ခန္တီးမြို့နယ်အတွင်းရှိ နာတိုက်-မကန်နောင် ကျေးရွာချင်းဆက် မြေသားလမ်း ၄ မိုင် ဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်၌ မြောင်းကူးတံတား ၁၀ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းလုပ်ငန်းများပြီးစီးပါက ခန္တီးမြို့နယ် ချင်းတွင်းမြစ်မြောက်ဘက်ကမ်းရှိ နာတိုက်ကျေးရွာနှင့် မကန်နောင်ကျေးရွာတို့တွင် နေထိုင်ကြသည့် ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။

အဆိုပါကျေးရွာချင်းဆက်လမ်းနှင့် မြောင်းကူးတံတားများ တည်ဆောက်ခြင်းလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲခြင်းဖြစ်သည်။ **သတင်းစဉ်**



**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

# လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီး၌ ကျင်းပ

**ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ စာပေဗဟုသုတများတိုးပွားပြီး၊ ပြင်ပဗဟုသုတများ စုံလင်စွာရရှိစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများ ရှိလာစေရန်အတွက် လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ ပူးပေါင်းပြီး မြို့နယ်အသီးသီး၌ ကျင်းပ ပေးလျက်ရှိသည်။**

## ရွှေကျင်

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၌ နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် လက်ထောက်ကျောင်းအုပ်ဆရာကြီး ဦးမင်းနိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က လူငယ်စကားဝိုင်းကျင်းပခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အလယ်တန်း(ခွဲ)တံခွန်တိုင်ကျောင်းမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် ကျန်းမာရေး စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကာ အခြားကျောင်းသား ကျောင်းသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ချောက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောင်းတက်ကျေးရွာ အထက(ခွဲ)ကျောင်း၌ နိုဝင်ဘာ ၁၀ ရက်က ကျင်းပသော လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစောမြဖောင်းက သဘာဝဘေးအသိပညာပေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံဒေါ်မြတ်မြတ်မိုးက စားသောက်ရန်မသင့်သော အစားအသောက်များနှင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါဝင်သည့် ပစ္စည်းများကို ဝယ်ယူသုံးစွဲတတ်စေရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံဒေါ်ဆုဆုဇင်က ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာဌာနများအလိုက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



## ဝါးခယ်မ

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အထက(ကြီးနီစု)ကျောင်း၌ နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည့် လူငယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီလွင်က လူငယ်ဆိုင်ရာအသိပညာပေး ဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံဦးစီးမှူး ဦးအောင်မိုးက ကုန်အညွှန်းအမှတ်အသားနှင့် ကုန်စည်ဝန်ဆောင်မှုများ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ ဆိုးဆေးများစွာပါဝင်သည့် အစားအသောက်များအကြောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှူး ဒေါ်ဖြူနှင်းဖွေးက အားကစားအမျိုးအစားနှင့် အားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ကျောင်းသား ကျောင်းသူ လူငယ်များက ပညာရွှေအိုး လူမခိုး၊ ပညာလို အိုသည်မရှိ၊ ကျောင်းသားလူငယ်များနှင့်မူးယစ်ဆေး၊ လူကုန်ကူးခြင်းဆိုင်ရာ အကြောင်းအရာများကို အပြန်အလှန် ဆွေးနွေးကြပြီး ဆွေးနွေးပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါး အန္တရာယ်အသိပညာပေး နံရံကပ်စာစောင်များ၊ ကလေးအလုပ်သမား ပပျောက်ရေး ဆိုင်ရာအသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့သည်။

**ဟိန်းထက်လင်း (ပြန်/ဆက်)**




## ကြံခင်း

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွာသစ်ရပ်ကွက် အခြေခံပညာ မူလတန်း(အင်းလပ်အရှေ့)ကျောင်း၌ အသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး နိုဝင်ဘာ ၉ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစောသန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးမြင့်က မျိုးဆက်သစ်လူငယ် လူရွယ်များ စာပေအပေါ် ချစ်မြတ်နိုးတတ်စေရန်၊ ဖတ်၊ မှတ်လေ့လာတတ်သော အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဦးကျော်နိုင်ဝင်းက စားသုံးရန်မသင့်သော အစားအစာများနှင့် အချိုမှုန့်၏ ဆိုးကျိုးများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများအား ဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်စွမ်းရည်မြင့်မားစေရေးစာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များပြသခဲ့ကာ ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## တနိုင်း

ကချင်ပြည်နယ် တနိုင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးနှင့် မီးဘေးအန္တရာယ်အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာလ ၁၀ ရက်က အမက-သာယာ(၁) ကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဦးက စာဖတ်ခြင်းအကျိုးကျေးဇူး၊ လူငယ်နှင့်ရည်မှန်းချက် ခေါင်းစဉ်များဖြင့် ဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်ဇော်ဝင်းက မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်များ၊ မီးဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောသည်။

ဟောပြောပွဲနှင့်အတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေး နံရံကပ်စာစောင်များ၊ သုတရသစာအုပ်စာစောင်များ ခင်းကျင်းပြသခဲ့ပြီး မီးသတ်ဦးစီးဌာနကလည်း မီးငြှိမ်းသတ်ခြင်းကို ကျောင်းသား ကျောင်းသူများအား လက်တွေ့သရုပ်ပြခဲ့သည်။ **မနော်မြေ(တနိုင်း)**

## တွန်းဇံ

ချင်းပြည်နယ် တွန်းဇံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခမ်ငိုက်မန်က ဗလငါးတန်ဖွံ့ဖြိုးရေးအကြောင်း၊ မြို့နယ်တရားသူကြီး ဦးဇော်ဖြိုးအောင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ သိကောင်းစရာများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇမ်ဆွင်းလျန်က လူငယ်နှင့်ပညာရေးဆိုင်ရာများကို ဟောပြောခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဟောပြောချက်များကို မေးမြန်း၍ ပြန်လည်ဖြေကြားနိုင်သူ ကျောင်းသား ငါးဦးအား ငွေကျပ်တစ်သောင်းစီ ဆုချပြီး ကျောင်းသားများအတွက် အာဟာရဖြည့်စွက်စရိတ်ထောက်ပံ့ငွေ ကျပ်ငါးသောင်းကို ကျောင်းအုပ်ဆရာကြီး ဦးအောင်ဘူးထံ ပေးအပ်ကာ အမျိုးသမီးရေးရာအဖွဲ့ကလည်း ကျောင်းသားများအား အာဟာရဖြည့်မုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇိုဇွန်းပါလ်(ပြန်/ဆက်)**



## မအီ

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့ ဂျီဖြူတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲတွင် မအီမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးသက်နောင်ထွန်းက လူငယ်နှင့် ပညာ ခေါင်းစဉ်ဖြင့် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန်နှင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတစာပေများကို ဖတ်ရှုရန်လိုအပ်ကြောင်းဟောပြောသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးအလုပ်သမား ပပျောက်ရေးနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**မောင်မောင်ဌေး(ပြန်/ဆက်)**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




### (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာ အထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့်သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

### (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း များစွာအထောက်အကူ ရရှိစေမည်ဖြစ်ပါသည်။

### (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့်သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့်အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

### (၄) မွေးမြူရေး အတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualitfied)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ တတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်း သိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | စစ်ကိုင်း | ၂ | ခန္တီး | ခန္တီး | ခန္တီး | အထက-ဆင်သေ |
| | | ၃ | ဟုမ္မလင်း | ဟုမ္မလင်း | ဟုမ္မလင်း | အထက(၁)၊ဟုမ္မလင်း |

စာမျက်နှာ ၂၃ သို့

## ကျန်းမာရေးဝန်ကြီးဌာန

# မျက်မြေးရောင်ရောဂါ / မျက်စိနာရောဂါကာကွယ်ရေးနှိုးဆော်ချက်

လတ်တလောဖြစ်ပွားနေသော မျက်မြေးရောင်ရောဂါ (သို့မဟုတ်) မျက်စိနာရောဂါသည် ဗိုင်းရပ်ပိုးကြောင့် ဖြစ်ပွားပြီး ရောဂါဖြစ်ပွားလျှင် (၅)ရက်မှ (၇)ရက်ခန့်အထိ ကြာမြင့်တတ်ပါသည်။

ရောဂါလက္ခဏာများမှာ-

- မျက်စိနီရဲခြင်း၊
- မျက်စိယားယံခြင်း၊
- မျက်ရည်ယိုခြင်း၊
- မျက်ဝတ်များထွက်ခြင်း၊
- မျက်စိနာကျင်ရောင်ရမ်းခြင်း၊
- အလင်းရောင်မကြည့်နိုင်ခြင်းတို့ဖြစ်နိုင်ပါသည်။

**မျက်မြေးရောင်ရောဂါ/မျက်စိနာရောဂါသည် အောက်ဖော်ပြပါအခြေနေများကြောင့် ကူးစက်ပြန့်ပွားနိုင်ပါသည်-**

- ရောဂါဖြစ်သူ၏ အသုံးအဆောင်များကို ကိုင်တွယ်သုံးစွဲခြင်းနှင့် နီးကပ်စွာအတူနေထိုင်ခြင်းများကြောင့် ရောဂါအလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သဖြင့် အထူးသတိပြုရှောင်ရှားရပါမည်။ (ဥပမာ- ကျောင်းသားတစ်ဦးမှ စာသင်ခန်းအတွင်းရှိ ကျောင်းသားများသို့၊ မိခင်မှ ကလေးသို့)

**သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မျက်မြေးရောင်ရောဂါ/မျက်စိနာရောဂါ မပြန့်ပွားစေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-**

- ကူးစက်လွယ်သောရောဂါဖြစ်သဖြင့် ရောဂါဖြစ်သူ၏ အသုံးအဆောင်(အထူးသဖြင့် အမျိုးသမီးမျက်နှာအလှပြင်ပစ္စည်းများ၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ) များကို အခြားသူများက အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ လက်ကိုင်ပဝါအစား တစ်ခါသုံးတစ်ရှူးစက္ကူကို အသုံးပြုသင့်ပြီး ရောဂါဖြစ်သူ၏ အဝတ်အစားများကိုလည်း သီးသန့်လျှော်ဖွပ်သန့်စင်ရပါမည်၊
- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းရေးပြုလုပ်ပေးပြီး မျက်ရည်တုမျက်စဉ်းဆေးရည်(Artificial Tear Eye Drops)ကို တစ်နေ့ (၃-၄)ကြိမ် ခတ်နိုင်ပါသည်။ မျက်စိကို မသန့်ရှင်းမီနှင့် မျက်စဉ်းဆေးရည်ခတ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောရပါမည်။ ရောဂါမသက်သာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများနှင့် မျက်စိကုဌာနသို့ပြသပါ၊
- အခြားသူများသို့ ရောဂါမကူးစက်စေရန်အတွက် ရောဂါဖြစ်သူသည် မျက်စိကိုမကိုင်မိစေရန် အကာအကွယ်မျက်မှန် တပ်ထားသင့်ပါသည်။



# ဒဂုံတက္ကသိုလ် (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ စုစုပေါင်း တက်ရောက်ဘွဲ့ယူသူ ၉၁၃ ဦးအား ဘွဲ့လက်မှတ်များ အပ်နှင်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဒဂုံတက္ကသိုလ်၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပပြီး ဒဂုံတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခဌာနမှူးများနှင့် ဆရာ ဆရာမများ၊ ဘွဲ့ရရှိသော ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်တွင် အသီးသီးနေရာယူကာ နိုင်ငံတော်သီချင်းဖြင့် နိုင်ငံတော်အလံကိုအလေးပြုကြသည်။ ထို့နောက် ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အထူးပြုဘာသာရပ်အသီးသီးမှ ဘွဲ့ရရှိသူများကို ဘွဲ့လက်မှတ်များ အပ်နှင်းသည်။

ဒဂုံတက္ကသိုလ်၏ (၃၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း နှစ်ပိုင်းခွဲ၍ ကျင်းပခြင်းဖြစ်ပြီး နံနက်ပိုင်းတွင် တက်ရောက်ဘွဲ့ရရှိသူ ၄၅၆ ဦး၊ မွန်းလွဲပိုင်းတွင် တက်ရောက်ဘွဲ့ရရှိသူ ၄၅၇ ဦး စုစုပေါင်း တက်ရောက်ဘွဲ့ယူသူ ၉၁၃ ဦးအား ဘွဲ့လက်မှတ်များ အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၂၂ မှ*

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံးစိုက်ရာမြို့ | ကျောင်းတည်ရှိရာမြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၃ | တနင်္သာရီ | ၄ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |
| ၄ | ပဲခူး(အရှေ့) | ၅ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၅ | ပဲခူး (အနောက်) | ၆ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၆ | မကွေး | ၇ | ချောက် | ချောက် | ချောက် | အထက- ငွေးချို |
| ၇ | မန္တလေး | ၈ | မဟာအောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၉ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၁၀ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၁၁ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| ၈ | မွန် | ၁၂ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| ၉ | ရခိုင် | ၁၃ | မြောက်ဦး | မြောက်ဦး | မြောက်ဦး | အထက(၁)၊ မြောက်ဦး |
| | | ၁၄ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၅ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၁၀ | ရန်ကုန် | ၁၆ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၇ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက - တိုက်ကြီး |
| | | ၁၈ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၉ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက- သုဝဏ္ဏ |
| | | ၂၀ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၁ | သန်လျင် | သန်လျင် | သန်လျင် | အထက - ဖားကူး |
| | | ၂၂ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၁ | ရှမ်း(တောင်) | ၂၃ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၄ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၅ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| ၁၂ | ရှမ်း (မြောက်) | ၂၆ | ကွတ်ခိုင် | ကွတ်ခိုင် | ကွတ်ခိုင် | အထက(၁) ကွတ်ခိုင် |
| ၁၃ | ရှမ်း(ရှေ့) | ၂၇ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၈ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| ၁၄ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက- နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက- ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၅ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက- ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |



## အောက်မြန်မာပြည် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန်(ဇုန်-၂) အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၁

၂၀၂၃-၂၀၂၄ ခုနှစ်အောက်မြန်မာပြည်ပညာရေး ဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန်(ဇုန်-၂) အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် တတိယနေ့ ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၃ နာရီက သတ်မှတ်ထားသော အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို ရန်ကုန်မြို့ တောင်ဒဂုံ အားကစားကွင်း၌ မြောင်းမြပညာရေးဒီဂရီ ကောလိပ်အသင်းက လှည်းကူးပညာရေး ဒီဂရီကောလိပ်အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ သန်လျင်အားကစားကွင်း၌ သဃ်န်းကျွန်းအသင်းက ရန်ကင်းအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။ ယင်းအုပ်စုပတ်လည်ပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တွင် ရှုံးထွက်ပွဲစဉ်များကိုလည်းကောင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် ဆီမီးဖိုင်နယ်၊ နိုဝင်ဘာ ၂၃ ရက်တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲနှင့် လိဂ်-၂ ပြိုင်ပွဲ ဒီဇင်ဘာလအတွင်း စတင်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၁

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲနှင့် MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို ဒီဇင်ဘာလအတွင်း စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်လိဂ်ပြိုင်ပွဲများကို ပိုမိုအဆင့်မီစွာကျင်းပနိုင်ရန် အသင်းအရေအတွက် တိုးမြှင့်ထားခြင်းဖြစ်သည်။ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲကို အသင်းစုစုပေါင်း ၁၀ သင်းဖြင့် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲကိုမူ ဒီဇင်ဘာ ၁၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် လိဂ်-၂ ပြိုင်ပွဲကို အသင်းအရေအတွက် တိုးမြှင့်ထားပြီး ပြီးခဲ့သည့်နှစ်တွင် ရှစ်သင်းသာပါဝင်သော်လည်း ယခုနှစ်တွင် လေးသင်းအထိ တိုးမြှင့်ထားခြင်းဖြစ်သည်။ လိဂ်ပြိုင်ပွဲများကို တန်းတက်၊ တန်းဆင်းစနစ်ကျင့်သုံးနိုင်ရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်ကာ လိဂ်-၂ ပြိုင်ပွဲ စတင်ကျင်းပခြင်းဖြစ်သည်။ ယခုနှစ် လိဂ်-၂ ပြိုင်ပွဲယှဉ်ပြိုင်မည့်အသင်းများကို အောက်တိုဘာလက ခြေစစ်ပွဲကျင်းပခဲ့ပြီး ရှစ်သင်း ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ယင်းလိဂ်ပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများအနေဖြင့် လိဂ်မစတင်မီ အကြိုပြင်ဆင်မှုအဖြစ် နိုဝင်ဘာ ၁၆ ရက်မှ ၂၉ ရက်အထိကျင်းပမည့် MFF Futsal Championships ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မင်္ဂလာဒုံမြို့နယ်၌ မော်တော်ယာဉ်လုယက်သူအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ နိုဝင်ဘာ ၉ ရက်က မော်တော်ယာဉ် လုယက်သူအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၉ ရက် နံနက် ၁၁ နာရီတွင် သန်လျင်မြို့နယ် ညောင်သုံးပင်ရပ်ကွက်နေ ဦးရီ(၅၀ နှစ်)သည် YGN-39 EE/xxxx Corolla Fielder အဖြူရောင်အငှားယာဉ်ကို လမ်းမတော်မြို့နယ် ကမ်းနား ၆ လမ်းသို့ မောင်းနှင်ရောက်ရှိနေစဉ် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၅)ရပ်ကွက်နေ ကျော်ရှိန်း(၃၅ နှစ်)မှ ထောက်ကြန့်လမ်းဆုံသို့ ငှားရမ်းသဖြင့် ငွေကျပ် ၂၈၀၀၀ ဖြင့် လိုက်လံပို့ဆောင်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ပြည်တော်သာရပ်ကွက် ပြည်လမ်း ကျိုက္ကလှဲ့မှတ်တိုင်အနီး အရောက်၌ ကျော်ရှိန်းက ဦးရီအား ဓားဖြင့်ခြိမ်းခြောက်ကာ ယာဉ်ပေါ်မှ ဆင်းခိုင်းပြီး ယာဉ်အား ထောက်ကြန့်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်လှစ်ပြီး တရားခံဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ကျော်ရှိန်းအား အဆိုပါမော်တော်ယာဉ်နှင့်အတူ မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိခဲ့သဖြင့် ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းတွင် မယ(ပ)၃ / ၂၀၂၃၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၇ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Smart အမွှေးဆီ ကီလိုဂရမ် ၂၁၉၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၇၇၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Recond TV 32" ၂၄ လုံး၊ Spa ဆိုဖာထိုင်ခုံအဟောင်း ၃၂ လုံး အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၁၇၇၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး လမ်းဟောင်း မြစ်ငယ်တံတားအနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ဆိုင်ကယ်ထိုင်ခုံအစွပ် ကီလိုဂရမ် ၁၀၂၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





**မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။**

ထို့ပြင် နိုဝင်ဘာ ၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ နောက်လယ်ရပ်ကွက်ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင် စားအုန်းဆီ ငါးလီတာပါ ဘူး ၁၂၀၊ Lactasoy ပဲနို့ဘူး ၆၀၀၀၊ Window နို့ခရင်မ်ဘီစကွတ် ကီလိုဂရမ် ၃၆၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမေ့ကစင်ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Oriental Style ခေါက်ဆွဲခြောက် ၆၃၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၂၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသော ယာဉ်အပိုပစ္စည်းများဖြစ်သည့် Tube Valves အဆို့ရှင် ကီလိုဂရမ် ၅၃၁၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၁၁၅၈၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ သိမ်ဇရပ်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Prawn Hornet စားအုန်းဆီ ၁၈ လီတာပါ ၁၂၂ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Toyoace တစ်စီးနှင့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၁၅၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၉၁၁၄၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ် (ပ-၂၂၇၉၀)ကို အမည်ပေါက် ဦးမောင်မောင်မြင့် (ဘ)ဦးစိုးမြင့် ၁၂/ဥကမ(နိုင်)၀၄၂၇၄၄ (တရားရုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ ဘိလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး (ဘ) ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ ဒေါ်ခင်လေးနွယ် (ဘ) ဦးငွေလှ ၉/မတရ(နိုင်)၀၉၅၁၃၂ နှင့် မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇ၀င် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၂၄/၂၀၂၁၊ တရားမဇာရီမှု အမှတ်၁/၂၀၂၂တို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇ၀င် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

